



ခင်နှင်းယု

# ဘုရင်ခံမလိုချင်ပေါင်

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com



mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ စက်တင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၃၀၀ ကျပ်
၀၉၈ · ၀၃
ဘုရင်ခံမလိုချင်ပေါင်
ခင်နှင်းယု -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၂၂၅ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ
(၁) ဘုရင်ခံမလိုချင်ပေါင်

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဘုရင်ခံမလိုချင်ပေါင်

ခင်နှင်းယု

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

[illegible]

# [illegible]

## [illegible]

mgyoe.com

mgyoe.com

[၁]

"မေမေ ... ဒီနေ့ငါးပတ်ဝယ်လို့ ရခဲ့တယ်၊ ဒီမှာ ဈေးခြင်း၊ ငါးပတ်တောင် တစ်ဆယ်ဈေးတဲ့ မေမေရယ်၊ ခေါင်းပါ ထည့်ချိန်တာ ငါးပတ်သား ငါးဆယ်သားမှာ ခေါင်းက တစ်ဆယ်သားလောက် ရှိတယ်၊ ခေါင်းရယ်၊ အရိုးရယ် ကင်ပွန်းချဉ်ရွက်နဲ့ ချဉ်ရေချက်မယ်၊ အသားကို အကြေမွှေပေတော့ ..."

ဆရာမ မြမြစိန်သည် သူဝယ်လာသော ဈေးခြင်းတောင်းကို မိခင်လက်သို့ အပ်လိုက်၏။ ပြီးလျှင် ပန်းကန်စင်ပေါ်ရှိ သတ္တု ထမင်းချိုင့် လေးထောင့်ပုံ သုံးခုကို ဖွင့်ကြည့်၏။ ထမင်းချိုင့်အတွင်းတွင် အမဲသားပြုတ်ကြော်နှင့် ထမင်းအပြည့်တွေ့ရသည်။ ထမင်းချိုင့်လေးများကို လက်သုတ်ပုဝါနှင့် သေသေချာချာ ချည်နှောင်လိုက်သည်။

"ဘမောင်ချိန်၊ လှမောင်ချိန်၊ သူဇာချိန်၊ လာကြစမ်း လွယ်အိတ် အဆင်သင့် ဖြစ်ပြီလား။ ကဲ ... မင်းတို့ ထမင်းချိုင့် လာယူ၊ ကျောင်းကားလာရင် စောင့်စောင့်နေရတာ မေမေ မကြိုက်ဘူး၊ သွားတစ်ခါ

mgyoe.com

mgyoe.com


တည်း အိမ်ရှေ့မှာ တန်းစီစောင့်နေ၊ ကားလာလာချင်း မင်းတို့ ကားပေါ် ချက်ချင်းတက်၊ ရော့ ယူသွားစမ်း ..."

ကလေးသုံးယောက်သည် မြမြစိန် အော်ခေါ်လိုက်သော အသံကြောင့် ပြေးလာကာ သူ့ရှေ့တွင် အဆင်သင့်ရပ်နေကြသည်။ မအေဖြစ်သူလက်ထဲမှ ထမင်းချိုင့်ကလေးများကို ဆွဲယူ၍ လွယ်အိတ်ကိုယ်စီနှင့် အောက်ထပ်သို့ ပြေးဆင်းသွားကြသည်။

ဈေးခြင်းတောင်းထဲရှိ ပစ္စည်းများကို တစ်ခုစီချကာ ဟင်းချက်ရန် ပြင်နေသော မေမေသည် သူ့ကို လှမ်းကြည့်၏။

"စိန်စိန်ရယ်၊ ကလေးတွေကို စကားပြောရင် တိုးတိုးသက်သာ ပြောပါ၊ ခုနစ်သံနဲ့ မအော်ပါနဲ့ ဟိုအငယ်ကောင် နိုးသွားဦးမယ်၊ မောင်သန်းချိန် နို့တိုက်နေတာ ခုမှ အိပ်သွားတယ်၊ ဒါနဲ့ မောင်သန်းချိန် ဖို့ရော ဘာပါလဲ ..."

မေမေက သူ့ထုံးစံအတိုင်း သားမက်ကို ဦးစားပေးသော သဘောနှင့်မေး၏။

"ဘာပါရမလဲ မေမေ၊ ငါးပတ်ဆီမွှေ သူကြိုက်ပါတယ်၊ ပြီးတော့ သူကြိုက်တဲ့ တညင်းသီး ဝယ်လာတယ်၊ အရေကျိုငပိနဲ့ မိုးမျှော် ငရုတ်သီးစိမ်း မွှေးမွှေးထောင်းပြီး တညင်းသီးတို့နဲ့ဆို သူ သိပ်ကြိုက်တယ်၊ တညင်းသီးတောင် ပေါ်စဆိုတော့ ဒီလက်မလောက်ကလေးတွေကို လေးလုံးတစ်မတ် ပေးရတယ်၊ တစ်ကျပ်ဖိုး ဝယ်လာတယ်၊ မနက် ရှစ်လုံး ညစာရှစ်လုံး သူတို့စားပေစေပေါ့၊ မေမေလည်း ကြိုက်တယ် မဟုတ်လား၊ တို့စရာမှာ ငွေတစ်ကျပ်ဖိုး ကုန်အောင် သုံးတယ်ဆို နည်းလား..."

"သြော် ... ငါက တစ်ခါတလေ ပုစွန်ဆီပြန် သူကြိုက်တတ်လို့..."

mgyoe.com

mgyoe.com


"ကြိုက်တတ်တာတော့ သိတာပေါ့ မေမေရေ၊ တစ်နေ့က ပုစွန်ထုတ် ငါးကောင် နှစ်ကျပ်ခွဲကျတယ်၊ မေမေ ယုံလား၊ အဲဒီတော့ ပုစွန်ကို တစ်လမှာ နှစ်ခါလောက်ပဲ ကျွေးနိုင်တယ်၊ သူ့ကျွေးရင် သူ့သားတွေက လူကဲတွေ၊ စကားတတ်တွေ၊ ဖေဖေ့ကိုပဲ ကျွေးတယ်။ ကျွန်တော့်ကိုတော့ မကျွေးဘူးနဲ့၊ မေမေ့မြေးတွေကိုပါ နေ့စဉ်လိုလို ပုစွန်ကျွေး ရရင် လဝက်နဲ့ ဗိုက်မှောက်နေရမှာ၊ သူတို့လား တစ်ယောက်နှစ်ကောင်လောက်နဲ့ ဝမှာမဟုတ်ဘူး။ ဒီတော့ တစ်လတစ်ခါလောက် စားရတော်ရောပေါ့၊ မေမေ့သားမက်ကလည်း ရှည်တော်မူပါတယ်၊ ပုစွန်တစ်ပိဿာကို ခြောက်ကျပ်၊ ခုနစ်ကျပ်၊ ပေါချိန်က စားတော်မူပါဆို ဘာဖြစ်သလေး ညာဖြစ်သလေးနဲ့၊ ခုတစ်ဆယ်ဈေး ဖြစ်တော့မှ စားလို့ အရသာရှိတော်မူတယ် ..."

"ဟဲ့ ... ယောကျ်ားဆိုတာ ဒီလိုပဲပေါ့၊ ညည်းက အော်ကျယ်အော်ကျယ် လုပ်မနေပါနဲ့ဦး၊ နှစ်ဦးတူတူ ရှာကြပေမယ့်လို့၊ သူ့ခမျာ မျိုမကျ ဖြစ်နေမယ်၊ ဒါနဲ့ မနက်ကအငယ်ဆုံးကောင်အတွက် ငါ နို့ဖျော်တော့ နို့မှုန့်တစ်နေ့စာပဲ ရှိတော့တယ်နော် ညနေကျဝယ်လာခဲ့ဦး..."

"ဝယ်ခဲ့ပါ့မယ် မေမေရယ်၊ အဲဒီကောင်ကလဲ နို့ဖြတ်ခါမှ ဒီနို့ပဲ စို့ချင်တယ်၊ သမီးက မှောင်ခိုဈေး အားမပေးချင်လို့ ဟိုနေ့က နို့မှုန့်ဝေတဲ့ ကော်မတီလူကြီးတွေ သွားတွေ့တော့ "ကလေးကို တစ်နှစ်နဲ့ ခြောက်လသားအထိပဲ နို့မှုန့်ပေးတယ်၊ ခု ခင်ဗျားသား နှစ်နှစ်တောင် ရှိအောင် ကျွန်တော်တို့ ပေးလာခဲ့လို့၊ ခြောက်လတောင် လွန်လာခဲ့ပြီ" တဲ့၊ ဥပဒေနဲ့တောင် သမီးက ငြိစွန်းနေသေးတယ်၊ "ဒါကြောင့် ခင်ဗျား ဘယ် ရုံးမှာ အလုပ်လုပ်တယ်ဆိုတာ ထောက်ခံစာ ယူလာပြီး ပြရဦးမယ်" တဲ့၊ ညနေကျ ကိုယ့်ဘာသာပဲ ဈေးထဲက ဝယ်လာခဲ့တော့မယ် မေမေ၊ ပူစူးနဲ့ မာလေးရော ..."

mgyoe.com

mgyoe.com


"အောက်ဆင်း ကစားနေကြတယ် ..."

ဒေါ်ငြိမ်းမယ်သည် သမီးဖြစ်သူကို ဘာမျှဆက်မပြောတော့ဘဲ၊ သူ၏ မီးဖိုချောင်ကိစ္စကို စ၍လုပ်တော့သည်။ ကိုးနာရီတွင် ထမင်းအပြီးစားကာ သမီးနှင့် သားမက် အလုပ်သွားကြမည် ဖြစ်သည်။ ထွေထွေ ရာရာပါးစပ်က ဘာမျှမပြောပေမယ့်၊ မောင်သန်းချိန် သူကြိုက်သော ဟင်း၊ အတို့၊ ငါးပိရေကျို့များနှင့် အားပါးတရ စားတာမြင်လျှင် ဒေါ်ငြိမ်းမယ်သည် စိတ်ချမ်းသာ၏။ မြမြစိန် မအားလျှင် သူကိုယ်တိုင် ဈေးသွား၏။ သူတို့က ရှာကျွေးသူများဖြစ်၍ သူက ထိုင်စားသူ ဖြစ်သည်ဟု သူ့ကိုယ်သူ သဘောပေါက်ထားသည်။ ယူဆထားသည်။

သားမက်နှင့်သမီး ရုံးသွားမှ ပူစူးနှင့် မာလေးကိုရေချိုးပေးကာ နံနက်စာ ကျွေးရသည်။ ကလေးများကို ထမင်းကျွေးနေစဉ်ဖြစ်ဖြစ်၊ အကြီး ယောကျ်ားလေးနှစ်ယောက်နှင့် မိန်းကလေးနှစ်ယောက်အတွက် ထမင်းချိုင့် ပြင်ပေးစဉ် ဖြစ်ဖြစ် များသောအားဖြင့် ဒီအမဲသားကို နုပ်နုပ်စဉ်းကြော် ခရမ်းချဉ်သီးနှင့် ရော၍ အရေစပ်စပ်နှင့် နယ်ဖတ်စား၍ လည်းရအောင်၊ ဟင်းအဖြစ် ကျွေးရတိုင်း၊ သူစိတ်မကောင်း။

"ဖွားဖွား ... ပုစွန်စားမယ်၊ ငါးကြော် ငါးကြော် ..."

ကလေးဆိုသည်က ဘာမျှနားမလည်၊ သူတို့စားချင်သည်ကိုသာ အော်တတ်သည်။ ဒေါ်ငြိမ်းမယ်သည် ထိုအချိန်တွင် ရင်ထဲနင့်တင့်တင့် ဖြစ်သွားတတ်၏။ ငါးခူဈေးမှာ ပေါချိန်တွင် ခြောက်ကျပ် ခုနစ်ကျပ်ဖြစ် ၍ ရှားချိန်တွင် ကိုးကျပ် တစ်ဆယ်ဆိုသည်ကိုလည်း ဘာမျှမပြောချင်ပေ။ ငါးချင်း တူသော်လည်း ငါးခူနှင့် ငါးကျည်းတွင် အာဟာရဓာတ် သည် ငါးခူတွင် ပို၍ပါသည်။ ငါးခူကို ကြွပ်ကြွပ်ကြီး မကြော်ဘဲ တစ်ပတ်ရစ် ကြော်၍ ဖြစ်စေ၊ ပုစွန်ကြော် ဖြစ်စေ၊ ရက်ခြားလောက်

mgyoe.com

mgyoe.com


အသီးအနှံနှင့်ရော၍ မြေးများကို ကျွေးချင်သည်။ ဟင်း အာဟာရ ဖြစ်အောင် တစ်ခွက်ကောင်းချက်၍ ထမင်းဘူးလေးနှင့် ပေးလိုက်ရသည့်က မုန့်ဖိုး၊ သွားရည်စာဖိုး ပေးသည်ထက် ကလေးများအဖို့ ကျန်းမာရေးနှင့် သင့်တော်သည်။ ထိုကြောင့်ပင် ထမင်းဘူး ထည့်ပေးသောစနစ်ကို သူက လုပ်ခဲ့၏။

ပူစူးနှင့်မာလေးကို ထမင်းကျွေးပြီး တရေး အိပ်ခိုင်းရ၏။ သူကိုယ်တိုင်လည်း ထမင်းစားပြီး တရေးတော့ မှိန်းချင်သည်။ အသက်ငါးဆယ်ကျော် ခြောက်ဆယ်အတွင်း လူကြီးပိုင်းရောက်လာလျှင် နံနက်စာ ထမင်းစားပြီးချိန် အနည်းဆုံးနာရီဝက်လောက်တော့ အိပ်ရာပေါ် လှဲ၍ အနားယူသင့်သည်။ မှိန်း၍ နေသင့်သည်။ သို့သော် နို့စို့အပါက နိုး၍ လာပြန်သည်။ သူသည် မြေးငယ်ကိုချီ၍ အောက်ခန်းသို့ ဆင်းလာ၏။

"မသန်းငွေ တစ်ယောက်ကော ပုမ ..."

ပုမသည် ဒေါ်ငြိမ်းမယ်အသံကိုကြားမှ မီးဖိုမှ ပြေးထွက်လာ၏။

"ကြီးကြီးငွေ ဒီမနက် ဥပုသ်ဇရပ်သွားတယ်၊ ဘုန်းတော်ကြီးလည်း ဆွမ်းချိုင့်ပို့ရင်း သီလယူမယ်တဲ့၊ ဒါပေမဲ့ ဒီနေ့ဇရပ်မှာ တစ်နေ့လုံး မနေဘူးတဲ့၊ မွန်းလွဲရင် ပြန်လာလိမ့်မယ်။ ကြီးကြီးငြိမ်း ကိစ္စရှိလို့လား..."

ပုမသည် ဒေါ်သန်းငွေ အစီအစဉ်ကို ချက်ချက်ချာချာ ပြောပြ၏။

"အေး ... သူပြန်လာရင် ကြီးကြီးငြိမ်းတို့ အိမ်ဘက် ခဏကူးလာပါလို့ ..."

"ဟုတ်ကဲ့ ... ဆက်ဆက် ပြောလိုက်ပါ့မယ် ..."

ဒေါ်ငြိမ်းမယ်သည် မြေးငယ်နှင့်အတူ သူ့အိမ်ကို ပြန်လာသည်။

mgyoe.com

mgyoe.com


အိမ်ရောက်လျှင် ကော်ဖီတစ်ခွက်ကို ကော်ဖီမှုန့်ပေါ့ပေါ့ ဖျော်၍ ဘီစကွတ်မုန့်တစ်ချပ်နှင့်အတူ အပါကို သူကျွေးနေ၏။

ဒေါ်သန်းငွေး ဥပုသ်ဇရပ် သွားသည်ဆိုမှ ယနေ့ဥပုသ်နေ့မှန်း သူသတိပြုမိသည်။ သူ့မြေးငယ်ကို ကော်ဖီတိုက်နေစဉ်တွင်ပင် ဒေါ်သန်းငွေး ရောက်လာသည်။

"အို ... ကျွန်မစိတ်ထဲ မသန်းငွေး ဒါလောက်မြန်မြန် ပြန်လာမယ်မထင်ဘူး ..."

"ကိစ္စလေးတစ်ခု တစ်နာရီချိန်းထားလို့ ငြိမ်းရေ့၊ ဒါကြောင့် မွန်းလွဲတယ်ဆို ပြန်လာတာ၊ ငြိမ်း ဘာကိစ္စရှိလို့လဲ ..."

ဒေါ်သန်းငွေးသည် ငယ်ငယ်ကခေါ်သလိုပင် ဒေါ်ငြိမ်းမယ်ကို 'ငြိမ်း' ဟူ၍ တစ်လုံးတည်းခေါ်သည်။

"ကိစ္စက သိပ်အရေးမကြီးပါဘူး၊ မသန်းငွေးရယ်၊ ထုံးစံအတိုင်း ပေါ့၊ ခဏလေး အပါကို ကြည့်လိုက်စမ်းပါ ..."

ဒေါ်ငြိမ်းမယ်သည် သူ့အိပ်ခန်းသို့ဝင်သွား၏။ ခဏအကြာပြန်ထွက်လာ၏။ ဒေါ်သန်းငွေး၏အနားတွင် ထိုင်လိုက်ကာ သူ့လက်ဖဝါးလေးကို ဖြန့်ပြလိုက်သည်။

"ဟော ... ငြိမ်းကလည်းလေ ဝါမဝင်ခင်တုန်းက တစ်ပြားရောင်းသေးတယ်မို့လား ..."

ဒေါ်ငြိမ်းမယ် လက်ဖဝါးပေါ်တွင် ဝင်းဝါနေသော ရွှေဒင်္ဂါးပြားလေးကြည့်ရင်း ဒေါ်သန်းငွေးက မေးလိုက်၏။

"အင်းပေါ့၊ ဒီတော့ ကိုယ်လှူချင်တဲ့ ဝါဆိုသင်္ကန်းလေးလည်း ကပ်ရ၊ ပြီးတော့ အဲဒီတုန်းက ကျွန်မ ဆီတစ်ပုံး တစ်ရာ့တစ်ဆယ်နဲ့ ဆွဲထားလိုက်ပေလို့၊ မိစိန်စိန်တို့ တစ်ရာ့နှစ်ဆယ်ဈေး မထိလိုက်တာပေါ့၊ နို့မို့ရင်လား ..."

mgyoe.com

mgyoe.com


"ဟုတ်တယ် ဟုတ်တယ်၊ အိမ်မှာလည်း တစ်ရာ့ခြောက်ဆယ်နဲ့ တစ်ပုံး ဝယ်စားခဲ့ရသေး၊ ခုတော့ လက်လီဈေး တစ်ပိဿာ ရှစ်ကျပ်ခွဲ ဖြစ်သွားလို့ အသက်ရှူရချောင်သွားတယ် ငြိမ်းရေ၊ ရှေ့လ ဒါထက် ဈေးကျမယ်ဆိုတယ် ..."

"ဩော် ... မသန်းဌေးရဲ့၊ သူတို့ရှာစာကို ထိုင်စားနေတယ် ဆိုပေမယ့်၊ အခါခပ်သိမ်း ကိုယ်လှူချင်တန်းချင်သရွေ့ ကိုယ်သုံးစွဲချင် သရွေ့ လက်ဝါးဖြန့်ခံပြီး မတောင်းချင်ဘူးလေ"

"အမလေး တူလိုက်လေ ငြိမ်းရေ့၊ တူလိုက်လေ၊ ကျွန်မက ငြိမ်းလိုမြေးကလည်း မရှိ၊ အိမ်ဖော် ပုမတစ်ယောက် ရှိနေလို့ပေါ့၊ သမီးကတော့ မေမေ လှူချင်တာလှူ၊ စိတ်ချမ်းသာအောင် နေဆို ပေမယ့် ကိုယ့်အထုပ်လေးပဲ ကိုယ်ဖြေစားချင်တာပဲ၊ ငြိမ်းတို့၊ ကျွန်မ တို့မှာ ကိုယ့်အထုပ်လေး ကိုယ်ဖြေစားစရာ ရှိသေးလို့ ကံကောင်းတယ် အောက်မေ့၊ ဥပုသ်ဇရပ်မှာမှ လူစုံတွေ့ရတာ၊ တချို့ကျတော့ သားသမီး ကလည်း ဆောင့်ကာ အောင့်ကာနဲ့ 'အဘွား လုပ်တဲ့လူက ကိုယ့်မြေး တောင် ကိုယ်ဆွဲဖော် လွဲဖော် မရဘူး' ဆိုပြီး၊ နှုတ်ထွက်ကြမ်းတဲ့ သားသမီးတွေနဲ့ တွေ့ရတဲ့ မိဘတွေပြည့်လို့၊ လူအိုရဲ့ အားကိုးချင်ပေ မယ့် သားသမီးရှိတော့လည်း လူအိုရဲ့က လက်မခံဘူး ငြိမ်း၊ လူအို တစ်ယောက်ဟာ သူ့ငြိမ်းချမ်းမှုကို သူ ဘယ်လိုရှာချင်တယ်ဆိုတာ သူ့ဆန္ဒကို သူပဲ သိတာ၊ ကျွန်မတို့လည်း အိုလာမှသိတာ မဟုတ်လား ငြိမ်းရဲ့ ..."

ဒေါ်ငြိမ်းမယ်သည် ရှည်လျားစွာ ပြောပြနေသော ဒေါ်သန်းဌေး စကားကို ပြုံး၍ နားထောင်နေ၏။

"အတော်ပဲလေ မော်လီနဲ့တွေ့ဖို့ တစ်နာရီထိုးရင် မတင်ရီ လာ လိမ့်မယ်၊ ပေါက်ဈေးနဲ့ ရောင်းခိုင်းလိုက်မယ်၊ နက်ဖြန်ရရင် ပြီးရော

mgyoe.com

mgyoe.com


မဟုတ်လား ငြိမ်း ...”

“ဖြည်းဖြည်းပါပဲ မသန်းငွေး၊ နက်ဖြန် ပုမ ဈေးသွားရင်သာ ပုစွန်ထုတ်အရှယ် ခတ်လတ်လတ် ငါးဆယ်သားလောက် ဝယ်ခဲ့စမ်းပါလို့၊ ရော့ ပုစွန်အတွက် ငွေတစ်ဆယ် ယူသွားပါ ...”

ဒေါ်ငြိမ်းမယ် လှမ်းပေးသော ငွေတစ်ဆယ်နှင့် ရွှေဒင်္ဂါးတစ်ပြားကို လှမ်းယူရင်း ဒေါ်သန်းငွေးသည် စကားဆက်ပြော၏။

“ကျွန်မမှာလည်း ပုမ ရှိနေပေလို့၊ အိမ်ဖော်ပြဿနာက ရန်ကုန်မှာ မလွယ်ဘူး၊ ပုမတောင် သွေးသားတော်နေလို့ ကျွန်မဖြင့်လေ ခဏခဏ ဆုံးမရတယ်။ “တို့ ကိုယ်ကျိုးမဟုတ်ပါဘူး နင်တို့ အကျိုးပါ၊ ကြိုက်သူ တွေ့ရင်ပြော ကြီးကြီးငွေး ပေးစားမယ်” လို့ “လင်ယူတာကော ရည်းစားထားတာရော အပြစ်မဟုတ်ပါဘူး၊ တို့ ... ကိုယ်ချင်းစာပါတယ်။ မတော်တရော် ဖြစ်သွားရင် ဗိုက်တစ်လုံးနဲ့ ကျန်ရစ်ခဲ့မှာ စိုးရ၊ တို့မှာလည်း နာမည်လည်းပျက် တာဝန်လည်း ရှိတယ် မဟုတ်လား” လို့ ဆိုပြီး နားရှင်းအောင် တတွတ်တွတ် ဆုံးမရတယ် ငြိမ်းရေ့ ...”

“ဟုတ်ပါတယ် မသန်းငွေးရယ်၊ တစ်ခါတလေတော့လဲ ငါ့ခြံလေး ငါ့ပင်စင်လေးနဲ့ ကိုယ့်မြို့ကိုယ်ပြန်ပြီး အေးအေးနေမယ် စိတ်ကူးပြန်တော့ မိစိန်စိန်တစ်ယောက် တစ်ဗိုက်ပြီးတစ်ဗိုက်မွေးနဲ့ ပတ်ချာလည်နေမှာကို မြင်ယောင်၊ အိမ်ဖော်ခေါ်ထားပြန်တော့လည်း ခုန မသန်းငွေးပြောတဲ့ ပြဿနာတွေ တက်မှာစိုးတော့ ကိုယ်ကိုယ်တိုင်ပဲ နေပေးရတော့တယ် ...”

ဒေါ်သန်းငွေးသည် ပခုံးပေါ်မှ ယောဂီတဘက်ကလေးကို ယူ၍ ယပ်ခတ်ရင်း ဒေါ်ငြိမ်းမယ်ပြောသမျှ ခေါင်းတစ်ညိတ်ညိတ်နှင့် ပြုံးလျက်နားထောင်နေ၏။

mgyoe.com

mgyoe.com


"ငြိမ်းတို့ ကျွန်မတို့ 'သမီးဘဝ နေခဲ့ရတဲ့အချိန်ကို ပြန်မလွမ်းနဲ့တော့' ငြိမ်း၊ ကျွန်မတို့သမီးဘဝတုန်းက ကိုယ့်အမေ စားစေချင်လို့ စပျစ်သီး တစ်ပိဿာနှစ်ဆယ်ဆိုရင် ဝယ်ပြီးညာရတယ်၊ 'အမေရဲ့ စပျစ် သီးတွေ ပေါလို့ တစ်ပိဿာမှ တစ်ဆယ်တည်း' ရယ်၊ စားကြည့်စမ်းပါ၊ လိမ္မော်သီး ဆယ်လုံး နှစ်ကျပ်တည်းရယ်နဲ့ အဖိုးလျှော့ပြောပြီး၊ မအေမျိုမကျမှာ စိုးလို့ ညာကျွေးရတယ်၊ ခုတော့ လည်း ကျွန်မတို့ အမေ ဖြစ်လာတဲ့ ဘဝမှာ ကိုယ့် ပိုက်ဆံနဲ့ကိုယ်ပဲ ညာရသေး၊ 'သမီးရယ် ဒုက္ခရှာလို့ မေမေ စပျစ်သီး မကြိုက်ဘူး၊ လိမ္မော်သီး မစားချင်ဘူး'နဲ့၊ ပြီးတော့မှ ကိုယ့်အထုပ်ကိုယ်ဖြေ၊ ကိုယ်ကြိုက်တာ ကိုယ်ဝယ်ရတာလား၊ ငြိမ်းကို ကိုယ်ချင်းစာပါတယ်၊ သူတို့က လိမ္မော်သီးဆယ်လုံး ခြောက်ကျပ်ဈေးကို သိနေတဲ့ အမေက စားရက်မလား၊ သူတို့ရတဲ့လခနဲ့ သူတို့သုံးစွဲရတာ ကြည့်ကြည့်ပြီး စိတ်မောလွန်းလို့၊ ဒါပေမဲ့ ငြိမ်းရေ အထုပ်ကလေးလည်း ကြည့်ဖြေနော် မသေခင် ရွှေဒင်္ဂါးလေးတွေ ကုန်သွားလို့ 'ဟုတ်ပေ့' ဖြစ်နေမယ်၊ ငါ့မိဘ ငါအေးအေးချမ်းချမ်း လုပ်ကျွေးခဲ့လို့ ငါ့သားသမီးကလည်း ငါ့ကိုလုပ်ကျွေးလိမ့်မယ်လို့ မထင်နဲ့မထင်နဲ့' ဘယ်သူကမှ ဒီလို ဖြစ်ရပါစေမယ်လို့ ကျွန်မတို့ကို ဘာအာမခံချက်မှ ပေးထားတာ မဟုတ်ဘူး၊ ကေဒါရ ကျေးမင်းလို အခု လုပ်တာတွေက နောက်ဘဝ အတွက် ရွှေအိုးမြှုပ်ရတာလား၊ ကဲ ... သွားဦးမယ်၊ မတင်ရီလည်း ချိန်းထားသေးတယ် ..."

ဒေါ်သန်းဌေးသည် ရွှန်းရွှန်းဝေအောင်ပြောကာ ထပြန်သွား၏။ မတင်ရီဆိုသည်မှာ ဟိုကသည်က ရွှေတိုရွှေစမှသည် စိန်ထည်အထိ ဖလှယ်ကာ ပွဲစားလုပ်လိုက် ရောင်းဝယ်လုပ်လိုက်လုပ်နေသူဖြစ်၏။ ဒေါ်သန်းဌေး သမီးမော်လီနှင့် အလုပ်ချင်း ဆက်သွယ်နေသူဖြစ်သည်။

mgyoe.com

mgyoe.com


ဒေါ်ငြိမ်းမယ်သည် လှေကားမှ ဆင်းသွားသော ဒေါ်သန်းငွေးကို ငေး၍ကြည့်နေမိသည်။ ယောဂီထဘီကိုမှ မလဲနိုင်၊ သူခေါ်သည်ဆိုလျှင် ဥပုသ်ဇရပ်မှ ရောက်ရောက်ချင်း အပြေးအလွှားလာသော သူငယ်ချင်းဖြစ်သူကို ကျေးဇူးတင်နေမိသည်။

သူတို့နှစ်ယောက်သည် ဝါးခယ်မမြို့လေးတွင် ကျောင်းနေစဉ်ကလည်း အတူတူ၊ ဆရာမလုပ်တော့လည်း အတူတူ၊ သမီးများကြီးလာ၍ ရန်ကုန် လိုက်လာရပြန်တော့လည်း အတူတူပင်၊ နယ်မြို့လေးများတွင် နေရသောဘဝကို နှစ်ယောက်သား အားလပ်ချိန်တွင် ပြန်နှုးကြကာ သူတို့ဘဝကို သူတို့ နှစ်သိမ့်ကြရသည်။ ထို့ကြောင့်ပင် တခြားရပ်ကွက်များတွင် အိမ်ကောင်း ဘယ်လိုပင်တွေ့တွေ့၊ သူတို့ သူငယ်ချင်းနှစ်ယောက် မခွဲချင်သောကြောင့် ဤမြို့လယ်တိုက်ခန်းမှ ပြောင်းရွှေ့မသွားဖို့ သမီးနှစ်ယောက်ကို တောင်းပန်ထားသည်။။

"အိမ်နီးချင်းကောင်းဖို့၊ ရပ်ကွက်ကောင်းဖို့ဆိုတာ အိမ်ကောင်းဖို့ထက် ပိုပြီးအရေးကြီးပါတယ် သမီးတို့ရယ် ..." ဆိုသော စကားလုံးများနှင့် သူတို့သမီးများကို သူတို့က တောင်းပန်ထားကြသည်။ ဒေါ်သန်းငွေးမှာတော့ သမီးတစ်ယောက်တည်း။ မြေးကလည်း မရှိသည်မို့ ကသိကရိ မနိုင်လှပေ၊ သူ့မှာတော့ တစ်ယောက်တည်းသမီးက မွေးလိုက်သည်မှာ မြေးခြောက်ယောက် နောက်ကိုလည်း လာဆဲလာလတ္တံ့၊ အရိပ်အရောင်များက ပြနေ၏။

သူ ပင်စင်ယူစက သာသနာ့ရိပ်သာတွင် တရားထိုင်ခဲ့သည်မှာ ဉာဏ်စဉ်နှာခဲ့ရသည်အထိ အချိန်ရခဲ့၏။ ယခုတော့ ဒေါ်သန်းငွေးလို အိမ်ပစ်၍ မသွားနိုင်သော်လည်း သူတို့ကို တရားစစ်သော ဆရာတော် ဦးသုဇာတ၏ ဟောပြောသံကို အမြဲကြားယောင်၏။

"ဒကာမကြီးရဲ့၊ လူ့ဘောင်မှာ နေရဆဲအခါမှာ ကိုယ့်အသိုင်း

mgyoe.com

mgyoe.com


အပိုင်း ကိုယ့်အဆောက်အအုံဆိုတာက ရှိသေးတယ်၊ ဒီအနှောင်အဖွဲ့တွေကို ကိုယ်ကပစ်ပြီး ထွက်မသွားနိုင်သေးလဲ ဒီတရား အခံရှိနေရင် အေးမြ အေးတာပဲ၊ သစ်တစ်ပင်ရိပ် ဝါးတစ်ပင်အောက်သွားနိုင်မှ မဟုတ်ပါဘူး၊ 'နောက်ဆုံးအိပ်ချိန်၊ ဒါမှမဟုတ် အိပ်ရာက နိုးချိန်၊ တစ်နာရီလောက်ပဲ အချိန်ရရ၊ ဆိပ္ပတ်ကျည်ပွေ့လို ထပ်ဖန်တလဲလဲ ရှုမှတ်ရင်၊ မှတ်ဆဲအချိန် ကုသိုလ် အကုသိုလ်ပြတ်ပြီး ငြိမ်းချမ်းနေတာပဲ၊ ဘာတာဝန်မှ မရှိတော့လို့ လုံးဝ ဝတ်ကြောင်စွန့်ပြီး ရှေးပါရမီရှင်တွေလို ကျောင်းသင်္ခမ်းလေးမှာ နေနိုင်ရင်တော့ အကောင်းဆုံးပေါ့၊ မြတ်စွာဘုရားသခင်ဟာ သတ္တဝါတွေကို တာဝန်ကြောက်ပြီး ကိုယ်လွတ်ရုန်းအောင်လို့ ဒီတရားတွေပြခဲ့တာ မဟုတ်ပါဘူး၊ လူ့ဘဝ လူ့ဘောင်မှာနေဆဲလည်း နေတတ်စားတတ်အောင် မိမိကိုယ်ကို ကောင်းစွာဆောက်တည်နိုင်တဲ့သူ ဖြစ်အောင် ဟောပြောခဲ့တာ၊ ဒါကြောင့် နိဗ္ဗာန်သို့သွားရာခရီးမှာ 'သမာအာဇီဝ' ကိုထည့်ခဲ့တာပေါ့၊ ပြီးတော့ လူ့ဘဝဆိုတာဒုက္ခဘုံ၊ ဘယ်သတ္တဝါမဆို ဘဝရဲ့ ဒုက္ခမျိုးစုံကို ရင်ဆိုင် မလွဲမသွေတွေ့ရမယ်၊ ဒီဒုက္ခကို ရင်ဆိုင်တွေ့ရတဲ့ အခါမှာ ဒီတရားကို နှလုံးသွင်းထားရင် ခံနိုင်ရည်ရှိတာပေါ့ ..."

မှန်၏။ သူ့မှာ ယခု မီးတွေ ပတ်လည်ဝိုင်းနေသည်ဟု ဆိုရမည်။ သို့သော် သူသည် ဘုရားလောင်း ယုန်မင်းကို သတိရ၏။ သီလစမ်းလို၍ သိကြားမင်းက ပုဏ္ဏားယောင်ဆောင်ကာ ယုန်မင်း၏ အသားကို အလှူခံ၏။ ပုဏ္ဏားလုပ်ပေးသော မီးပုံတွင်းသို့ ခုန်ဆင်းသော်လည်း မီးတောက်မီးလျှံတို့သည် ယုန်မင်း၏ မွေးညှင်းတစ်ပင်ကိုသော်မျှ မလောင်ပေ။

ဒေါ်ငြိမ်းမယ်သည် မီးပတ်လည် ဝိုင်းနေ၏။ ဤသတ္တလောကတွင် သတ္တဝါတို့သည် ကိုယ့်အတောင်နှင့်ကိုယ် မီးလောင်ခံနေရသည်

mgyoe.com

mgyoe.com


ချည်း ဖြစ်၏။ တချို့ကလည်း မီးကိုယ့်ကို လောင်နေသည်ကိုသိ၍ ကြောက်အားနှင့်သာ အော်နေသည်။ မီးငြိမ်းသည့်လမ်းစဉ်ကို မရှာဖွေမိ။ တချို့ကလည်း ကိုယ်တစ်ယောက်တည်းသာ ဤမီးက ကွက်လောင်သည် ထင်၏။ ကိုယ့်ကိုယ်ကိုယ် ဇာတ်လိုက်ထင်ကာ ကိုယ့်ကိုယ်ကိုယ်သာ ကွက်သနားနေသည်။

တချို့ကတော့လည်း လောင်သည်ကိုလည်း မသိ၍ ပူသည်ဟူ၍လည်း မထင်သောကြောင့် မအော်ခြင်းသာ ဖြစ်သည်။

တချို့ကတော့လည်း လောင်သည်ကို သိ၏။ ငြိမ်းသော တရားကိုရှာ၍ တွေ့၏။ တာဝန်နှင့် သမုဒယနှောင်ကြိုးလေးများကို မပြတ်နိုင်သေးသောအခါ တရားကို ရှုမှတ်ရင်းပင်၊ ဤဘဝတည်းဟူသော မြစ်ရေယဉ်ဝယ် မျောခဲ့ကြသည်။

တစ်ခါတလေတော့လည်း ဒေါ်ငြိမ်းမယ်သည် အမေ့ကို လွမ်းမိသည်။ ခုလို ဝယ်ခြမ်းစားရပုံမျိုးကို အမေသာကြုံလျှင် ထမင်းမျိုကျမည် မဟုတ်။ အမေသည် စည်းကမ်းစနစ်ကြီး၏။ ကြက်သွန်ကို မြစ်သား အမျိုးအစားကို မသုံး။ မင်းတုံး ကြက်သွန်ကို အညာလှေကြီးများဆိုက်လျှင် အချိန်တစ်ဆယ်လောက်ကိုဝယ်၍ မီးဖိုချောင်တွင် ဖြန့်ထားသည်။ သူကတော့ လူငယ်ဖြစ်၍ စိတ်မြန်လက်မြန် ဖြစ်၏။ ဒီမင်းတုံးကြက်သွန် အမြွှာသေးသေးလေးများကို ခွာနေရသည်ကို စိတ်မရှည်။ မြစ်သားကြက်သွန်လို ဥတစ်လုံးကြီးတွေကိုသာ မြန်မြန်ထက်ထက် နွှာထုထောင်း ချက်ပြုတ်လိုက်ချင်သည်။

"ဟဲ့ ... သမီးရဲ့ နည်းနည်းတော့ ပင်ပန်းတာပေါ့အေ၊ မင်းတုန်းကြက်သွန်ကလေ အနှစ်လည်း များများရ ဟင်းခပ်ရာမှာလည်း မွှေးတယ်၊ ပြီးတော့ အဖိုးကလည်း ခေါက်ချိုးနီးနီးလောက် ကွာတာ ..."

ဆိုသုံးသည့်နေရာမှာလည်း တစ်ပုံးကိုမှ သုံးဆယ်၊ သုံးဆယ့်

mgyoe.com

mgyoe.com


ငါးကျပ် ဝယ်ရချိန်ကို အမေကြုံလိုက်ရ၏။ ဒါလောက် ဈေးကိုသော်မှ အမေက ရင်မ, နေ၏။

"ဟဲ့ ... ငြိမ်း၊ နင့်အဖေ (ကိုအကောင်းကြိုက်) ကိုသာ ဆီအိမ့်အိမ့် ချက်ပေး၊ ဆီပြန်ဆိုရင် နှစ်ကျပ်ခွဲမှုတ် တစ်မှုတ်ပဲ သုံးနော်၊ ငါးကို ဆီပြန်နေအောင်ချက်ပြီး ချခါနီးတော့ ရေလေးနည်းနည်းရော၊ ခရမ်း ချဉ်သီး ခပ်လိုက်ရင် ဆီထွေးရေထွေးနယ်လို့ ဖတ်လို့လည်း အနှစ်များ များ ရတယ်၊ နို့မို့ရင်လေ ညည်းအဖေက ထမင်းဝိုင်းထိုင်မိရင် ဘယ်မှာ လဲ အနှစ်ဆို ပြီး စကားရှည်ဦးမယ် ..."

ငြိမ်းသည် ဟင်းချက်ရင်းပြုံးမိ၏။ သူတို့ဌာနေ မြစ်ဝကျွန်းပေါ် လို သားငါးအစုံပေါသည့် နေရာတွင်တောင် အမေသည် အိမ်သားများ နှင့်အတူ ငါးသံချိတ်၊ ငါးနုသန်း၊ ငါးဘဲဖြူ စသည့်ငါးသေး ငါးနုတ် လေးများကိုသာ စားလေ့စားထရှိသည်။

"တို့များစားဖို့ ငါးသံချိတ်ဆီပြန် ခြောက်ခြောက်လေးချက်၊ ငပိ ထောင်းလေး သံပုရာရည်ညှစ်၊ ဆိတ်ဖူး တို့မယ်၊ ကင်းပုံရွက်ဟင်းချို ချက်၊ တော်ရောပေါ့၊ သမီးတို့အဖေဖို့ ငမြင်းဆီပြန် တစ်ခွက်ချက်ပေး လိုက်ပေါ့ ..."

လင်ကိုတော့ ဦးစားပေး စေတနာလေးမှာ အမေ့တွင် အမြဲရှိ သည်။ ဒါတော့ အမေ့ခေတ်က ငါးမြင်းရင်းတစ်ပိဿာ သုံးကျပ်၊ လေးကျပ် ရှိ၏။ ရန်ကုန်လိုသာ ငါးမြင်းရင်း ရှစ်ကျပ်မှသည် ဆယ့် ငါးကျပ် ဈေးအထိဝယ်စားရလျှင် အမေတစ်ယောက် ထမင်းကို ဟင်းနဲ့ တောင်စားချင်မှ စားပေတော့မည်။

"ဝမ်းတစ်ထွာ သာဆိုတယ်၊ တစ်နေ့တည်း တစ်ခါတည်း စားလို့ ပြီးတာမှ မဟုတ်ဘဲ သမီး၊ နေ့စဉ်စားနေရတဲ့ကိစ္စ ဘယ်သူမဆို မျက် မျက်ကလေးတော့ စားချင်ကြတာပေါ့၊ ကျန်တဲ့ရက်တွေမှာ တော်ရုံ

mgyoe.com

mgyoe.com


တန်ရုံပေါ့ သမီးရဲ့...''

အမေသည် ချက်ရင်းပြုတ်ရင်း သည်လိုပဲ ငြိမ်းကို မသိမသာ ဆုံးမသွား၏။ သို့သော် အမေသည် သူကသာ ခေါင်းတစ်ရာရှိသော ငါးသေးငါးမွှားလေးများကို ဆီခြောက်ခြောက်ချက်လိုက် ရေစပ်စပ်ချက်လိုက်နှင့် ဆီအကုန်နည်းအောင် ကြံဖန်ချက်စားသည်။ အဖေဖို့တော့ ဦးစားပေးအနေနှင့် ဟင်းတစ်ခွက်ကောင်း ချက်ပေးခဲ့သည်။

ငြိမ်းသည်လည်း မြမြစိန်တို့ အဖေနှင့် ရပြီးချိန်တွင် ဦးစားဆိုသည့် လင့်အပေါ် စေတနာသည် အမေ့လို ဖြစ်လာပြန်သောအခါ၊ အမေတူ သမီးငြိမ်းတွင် လင်ကို ဦးစားပေးသော စိတ်ဝင်လာရတော့သည်မှာ မဆန်းတော့ပေ။

အမေ့ စိမ်ကိန်း အောင်မြင်အောင် အခြေအနေကလည်း အမေဖန်တီးယူ၍ ရ၏။

ကင်းပုံရွက်၊ မန်ကျည်းရွက်၊ ကင်ပွန်းချဉ်ရွက် ဆိုသည်က ပိုက်ဆံနှင့် တစ်ပြားမှပေး မဝယ်ရ။ သူတို့အိမ်မှာ ခြံစောင့် ဖထီးတို့ လင်မယားက မြေပိုတွင် စိုက်ရင်းပျိုးရင်း ရောင်းစားသည့်အထဲက အမြဲ ခူးစားနေရသည်။

ယခု သူနေသော မြို့လယ်တိုက်ခန်းကျဉ်းလေးမှာ မြေပိုတစ်လက်မ မရှိ။ မြေကပိုပို မပိုပို သစ်ပင်တစ်ပင် ရေလောင်းဖို့ မဆိုထားနှင့် နွေပေါက်လျှင် မီးဖိုချောင်အတွက်ရော၊ အိမ်သားများ ရေချိုးဖို့ရော၊ ရေခံရသည်မှာ တစ်ခါတစ်ရံ ညသန်းခေါင်တိုင်အောင်ပင် ဖြစ်သည်။

"မေမေရာ အိပ်သာ အိပ်ပါ၊ သမီးကျောင်းက ပါလာတဲ့ လေ့ကျင့်ခန်းတွေ ပြင်ရင်း ရေစောင့်မယ် ..."

သမီးက ကရုဏာနှင့် ပြောသော်လည်း၊ ညဘက် အိပ်ရေးဝဝ

mgyoe.com

mgyoe.com


အိပ်ရမှ သမီးလေး မနက် ကျောင်းတက် စာသင် အလုပ်ကောင်းကောင်း လုပ်နိုင်မည်။ ဆရာမ အလုပ်က ပင်ပန်းပေသား။

သားမက်ကျတော့လည်း သူက အယ်ဒီတာ ဦးနှောက်သုံးရတဲ့ သူမို့ အေးအေးချမ်းချမ်း ရှိစေချင်သည်။ အိမ်ရောက်လျှင် စာအုပ်နှင့် မျက်နှာနှင့် မခွာသော သားမက်ကို ကိုယ်ရေးကိုယ်တာ အိမ်ကိစ္စများ ဘာမျှ အပူမပေးချင်။ သို့သော် သူ့သားမက်သည် စာတစ်ဖက် ဖတ်ရင်း ကလေးနို့ဘူးတိုက်ဖော်၊ ပုခက်လွှဲဖော် ရသေး၏။

ဒါတောင် တစ်နေ့က သူ့သမီး မြမြစိန်သည် လင်ကို စွာကျယ် စွာကျယ်နှင့် ရန်ထောင်လိုက်သေးသည်။ ဒေါ်ငြိမ်းမယ်က အိပ်ခန်းထဲတွင် ကလေးများကိုသိပ်ရင်း ကြားလိုက်ရ၏။

"ကိုကိုက တစ်ခါလာ တို့မဂ္ဂဇင်းမှာရေးတဲ့ ဒေါ်အာဝဇ္ဇန်းရဲ့ ဝတ္ထုတွေ၊ ဆောင်းပါးတွေများ ဖတ်ပါ ဦးစိန်ရယ်၊ စိန်စိန်လိုသာ ရတဲ့ လခနဲ့ မလောက်တာ ညည်းတွားနေရင် တို့မဂ္ဂဇင်းတိုက်က ကိုရေခဲ တစ်လရှစ်ဆယ့်နှစ်ကျပ်နဲ့ ဘယ်လိုလုပ်နေမလည်းနဲ့ ဒါပဲ ထပ်ခါထပ်ခါ ပြောနေတာပဲ၊ စိန်ကလေ ကိုရေခဲ ရှစ်ဆယ့်နှစ်ကျပ်နဲ့ ဘယ်လိုနေသလဲ၊ ဒေါ်အာဝဇ္ဇန်းဆိုတဲ့ စာရေးဆရာမကြီးဟာ ဘာလဲဆိုတာ စိန်အကုန် သိတယ် ..."

"အမယ် ဆိုစမ်းပါဦး ..."

ကိုသန်းချိန်သည် အသံစေးစေးနှင့်ပင် မေး၏။

"ကိုရေခဲ လမ်းကြုံလို့ ဝင်လာတိုင်း စိန်က စပ်စုတာပေါ့။ ကိုရေခဲရှင့်ဆရာကတော့ စိန်ဟာ အင်မတန် ညည်းတယ်၊ လေရှည်တယ်နဲ့ သိပ်ပြောတာပဲ၊ ကိုရေခဲတို့များ ရှစ်ဆယ့်နှစ်ကျပ်နဲ့ လောက်အောင်သုံးသတဲ့၊ ကိုရေခဲ အကြောင်းတောင် ဒေါ်အာဝဇ္ဇန်းက ဝတ္ထုတိုလေးလို ရေးထားတာ မင်းက မဖတ်ဘဲကိုတဲ့၊ ကျွန်မကို ခဏခဏဆူတယ်၊

mgyoe.com

mgyoe.com


ရှင်ရှစ်ဆယ့်နှစ်ကျပ်နဲ့လောက်အောင် သုံးတဲ့နည်း ကျွန်မကို ပြောစမ်းပါ ရှင်ဆိုတော့ ကိုရေခဲက ဘာပြောလဲ သိလား ...”

မြမြစိန်သည် ဆရာမပီပီ သူ့စကားကို စိတ်ဝင်စားမှု ပိုရှိအောင် ခဏမေးခွန်းလေးနှင့် ရပ်ထားပြီးမှ ဆက်ပြော၏။

“ဟောဒီမှာကြည့် ဆရာကတော်ရေ့၊ ဒါဘာလဲတဲ့ သူ့ လွယ်အိတ်ထဲက ဆွဲထုတ်ပြတာကို ကြည့်တော့ ဘာအောက်မေ့လဲ ခေါက်ထီး ခေါက်ထီး၊ တစ်လက်ကို ခြောက်ဆယ်ကနေ တစ်ရာ ငါးဆယ်လောက် ပေးရတယ်၊ အဲဒီ ပစ္စည်းမျိုးတွေကို သူကလည်း သူ့နည်းသူ့ဟန်နဲ့ ရှာလာခဲ့ပြီး၊ သူ့နည်းသူ့ဟန်နဲ့ပဲ အမြတ်တင် ပြန်ရောင်းနေတယ်၊ အဲဒီအမြတ်အစွန်းလေးတွေနဲ့ ရောဖက်စားလို့ ကျုပ်တို့ကလေး လေးယောက်၊ ရှစ်ဆယ့်နှစ်ကျပ်နဲ့ ထမင်းဝဝစားနေရတာပေါ့တဲ့၊ အဲဒီ ထီးက ဘယ်သူမှာထားတယ်ဆိုတာ ကိုကို သိလား ...”

“သိပါဘူး ...”

ကိုသန်းချိန်က ဖြေ၏။

“ဒေါ်အာဝဇ္ဇန်း မှာထားတာတဲ့ရှင်၊ ကဲကဲ ... သိပလား စာရေးဆရာကြီး အယ်ဒီတာကြီးရဲ့၊ စိန်ကို လေရှည်တယ် ပြောဦးမယ်၊ ဆရာမဆိုတော့ လေရှည်ရှည် ပြောရဦးမယ်။ စိန်တို့ကျောင်းက ဆရာမတွေကို ကျောင်းအုပ်ကြီးက တစ်နေ့ခေါ်ပြောတယ်၊ အိမ်တွင်းသိပ္ပံ၊ ချုပ်တာရေး သင်ခန်းစာအတွက် စာရေးဆရာမကြီး ဒေါ်အာဝဇ္ဇန်း ဟောပြောမယ်တဲ့ နားထောင်ကြရမယ်ဆိုလို့၊ စနေနေ့ မနက်ပိုင်း စိန်တို့ နားထောင်ကြရတယ်၊ သူ့ကိုလည်း မမြင်ဖူးတော့ ကြည့်ချင်ကြတာပေါ့၊ ဒေါ်အာဝဇ္ဇန်းကလေ ဂရိုနိုင်လွန် နံ့သာရောင်နဲ့ အင်္ကျီလေးဝတ်လို့ ရှမ်းတူတယ် နက်ပြာမှာ အဝါပွင့်ဖော်ထားတဲ့ ထဘီနဲ့ ခေါင်းကလည်း သပြုသီး ဖက်ရှင်ဆံထုံးနဲ့ လက်ထဲက ကိုရေခဲပြသွားတဲ့ ခေါက်ထီး

mgyoe.com

mgyoe.com


လေးကိုင်ထားပြီး စိန်တွေ တလျှပ်လျှပ်နဲ့ စာသင်ခန်းမကြီးထဲ ဝင်လာပုံ ကိုရောင်စုံ ရုပ်ရှင်ရိုက်ပြီးတော့သာ စိန်က ပြလိုက်ချင်တယ်၊ စိန်တို့ ကျောင်းဆရာမတွေသာ တကတည်း ကျောင်းသူတွေ နည်းယူဖွယ် ဖြစ်အောင်ဆိုပြီး တစ်ခါလာ ပိတ်အင်္ကျီ လက်ရှည်၊ မာစရိုက် ထဘီ စိမ်းနဲ့ ပြီးနေရတာလား၊ ကိုကို့ ဒေါ်အာဝဇ္ဇန်းလိုသာ ဂရိုနိုင်လွန်နဲ့ ခေါက်ထီးဆောင်းရင်လေ ရှစ်ဆယ့်နှစ်ကျပ်မပြောနဲ့ ကိုကို့လခ အကုန် ကို ကလေးတွေမပေါ၊ စိန်တစ်ယောက်တည်း သုံးရင်တောင် မလောက် ဘူး၊ ကိုကိုတို့ရဲ့ ဒေါ်အာဝဇ္ဇန်းကို ပြောလိုက်စမ်းပါ၊ ကိုယ်မထိန်းနိုင်တဲ့ အကျင့်ကို သူများကို ကျင့်ပါလို့ တရားမဟောစမ်းပါနဲ့လို့၊ ကိုကိုလည်း တူတူပဲ၊ စိန် ရှစ်ဆယ့်နှစ်ကျပ်နဲ့ လောက်အောင်သုံးပြမယ်၊ တော်ကြာရင် သာ 'စိန်ရယ် ကိုကိုတို့က ညာဏ အလုပ်သမား ဦးနှောက်သုံးရတော့ အစာအိမ် ဒုက္ခပေးမှာမို့၊ ဆန်ကလေးတော့ ငကြွဲစစ်စစ် ပျော့ပျော့ပျောင်း ပျောင်း စားပါရစေနဲ့' မပြောနဲ့ မိစိန်စိန်တို့မှာ ကိုယ့်ပိုက်ဆံနဲ့ကိုယ် သူခိုး ဖြစ်နေတယ်။ ငကြွဲစစ်စစ် တစ်တင်းနှစ်ဆယ့်လေးကျပ်ကို တော သည်နဲ့ အဆက်လုပ်ပြီး ကိုကိုနဲ့ ကိုကို့သားတွေသမီးတွေကို ကျွေးနေရ တာ သိလား။ လူးချင်လိုက်တဲ့ ရပ်ဒလီ မျက်နှာလိမ်းပေါင်ဒါ၊ စိန်လည်း မိန်းမပဲ လှချင်တာပေါ့၊ အောင့်ထားရတယ်၊ တစ်ဘူးလေး ဆယ့်ငါး ကျပ်၊ မှောင်ခိုဈေးမှာ ဝယ်လို့ရတယ်၊ ငါ့လင်သိရင် မှောင်ခိုဈေး အား ပေးရမလားဆိုပြီး ငါအဆူခံရမယ်။ ဒီဈေးနဲ့လည်း မလိမ်းရက်ပါဘူး၊ လိမ်းလည်း ဒီဝင်ငွေနဲ့ လောက်မလား၊ စိန်အခု ဘာလူးနေလည်း သိရဲ့လား၊ ချောင်းဦးက သနပ်ခါးမှုန့်ကို ကုံကော်ဝတ်ဆံနဲ့ ရောလူးနေ ရတယ်၊ မင်းဘုရားရေ့ ...''

''ဟား ... ဟား ... ဟား ... ဟား ... တော်ပါတော့ ကျောင်း ဆရာမကြီး ဒေါ်ရှာရှည် မောလှရော့မယ်၊ ကျွန်တော် ခင်ဗျား အတန်းက

mgyoe.com

mgyoe.com


ကျောင်းသားတွေ မဟုတ်ပါဘူး ...”

မောင်သန်းချိန် ရယ်သံနှင့် လင်မယား စကားပြောခန်း ရပ်သွားမှ ဒေါ်ငြိမ်းမယ်မှာ အိပ်ခန်းတွင်းမှ အသက်ရှူချောင်သွားသည်။ သူသည် အိမ်ဆူဆူ ဆုံဆူနှင့် လင်မယား ရန်ဖြစ်မည်ကို အလွန်ကြောက်သည်။

နောက်နေ့ မောင်သန်းချိန် ကွယ်ရာတွင်မူ ဒေါ်ငြိမ်းမယ် သမီးဖြစ်သူကို တိုးတိုးတိတ်တိတ် ကျိတ်ဆုံးမပြန်၏။

“ညက မေမေဖြင့် သမီးတို့ လင်မယား ရန်ဖြစ်မလားလို့ ရင်တထိတ်ထိတ်နဲ့၊ သမီးကလည်း စကားပြောတာ ခုနစ်သံချိုပဲ၊ တိုးတိုးပြောလည်း ဒီစကား၊ ကျယ်ကျယ်ပြောလည်း ဒီစကားပဲဟာ မေမေ ခဏခဏပြောရက်သားနဲ့၊ ညင်ညင်သာသာ ပြောပါအေရယ်၊ စကားကလည်း ရှည်လိုက်တာ ...”

မြမြစိန်သည် ရယ်လိုက်ရင်း ...

“အရှိန်သတ်မရလို့ မေမေရေ့၊ ကျောင်းက အရှိန်က အိမ်မှာ စကားပြောရင် ပါပါသွားတယ်၊ တစ်ခုကလဲ မေမေ့သားမက်က သူ့ကိုယ်သူ အယ်ဒီတာကြီးဆိုပြီး အားလုံးသိတယ် ထင်နေတာ၊ ဒီတော့ သမီးကလည်း အယ်ဒီတာကြီး မသိတာတွေ ရှိသေးတယ်လို့ ပြောပြရတာ မေမေရဲ့ ...” ဟုဆို၏။

“ဒီလိုပေါ့ သမီးရယ်၊ ယောကျ်ားဆိုတာ ဘယ့်နှယ့်အစုံအလင် သိနိုင်မလဲ၊ဂျပန်ခေတ်ကဆိုရင် သမီးတို့ ဖေဖေက ချည်ချောလုံချည်မှ ဝတ်တတ်တော့ မေမေမှာ မနည်း ဖန်တီးပေးရတယ်၊ သမီးဖေဖေက ဟင်းလေးလည်းကောင်းမှ ဆန်လည်း ပျော့ပျောင်းမှ၊ အဝတ်ကျလည်း ချောမှ မောင်သန်းချိန်လို လူအေး မဟုတ်ဘူး ...”

“မေမေကလည်း အလိုလိုက်လွန်းပါလိမ့်မယ်၊ သူတို့ယောကျ်ားတွေကလေ အလိုလိုက်တဲ့မိန်းမနဲ့ တွေ့ရင် ရောင့်တက်တယ်။ ကဲ...

mgyoe.com

mgyoe.com


ခုကြည့်လေ ရိုးရိုးသားသားနဲ့ ခြိုးခြိုးခြံခြံနေမယ်ဆိုတဲ့ သမီးလို မိန်းမ မျိုးရတော့ ကိုကိုက နင်းကန် တရားဟောနေတာပဲ၊ သမီးကလေ ကျောင်းမှာနေကတည်းက ငါကြိုက်တဲ့လူဟာ စာရေးဆရာအဖြစ် ဝါသနာပါတယ်လို့ သိတယ်။ ဒီတော့ ထမင်းနပ်ကျော် မစားရအောင်၊ ကိုယ့်ထဘီ ကိုယ်ဝယ်ဝတ်နိုင်အောင်၊ ဒီ–ဘီ အေ အီး ဒီ ဒီဂရီကို ရအောင် ယူခဲ့တာ မေမေရဲ့၊ သူက ကျိတ်ကျိတ်ပြီး သမီးကို တိုးတိုးလေး တရားဟောနေတာ မေမေမှ မကြားဘဲ၊ အကျယ်ကြီး ပြန်ပြောတဲ့ သမီးက အဆိုးဖြစ်နေတယ်။ သမီးဘယ်နေရာမှ ပိုးစိုးပက်စက် မသုံး ပါဘူး ...”

မြမြစိန် ပြောသည်မှာလည်း မှန်၏။ ကျောင်းသားများ၏ လေ့ကျင့်ခန်းစာရွက်များ မဖျက်ရ၊ မစစ်ဆေးရသော တချို့သော ညဘက်တွင် သမီးသည် ဝယ်ခြမ်းထားသော ပိတ်စလေးများကို ကလေးခြောက်ယောက်အတွက် ကျောင်းဝတ်စုံရော၊ အိမ်နေရင်းဝတ် ဖို့ရော ကိုက်ညှပ်ထားတတ်၏။ ကြိုကြားကြိုကြား ပြီးအောင် စက်တစ် လုံးနှင့် ချုပ်သွားသည်။ ကိုသန်းချိန် စွပ်ကျယ်အကျီနှစ်ထည်အစုတ်ကို တစ်ထည် အကောင်းရအောင် ချုပ်၏။ ဒေါ်ငြိမ်းမယ်သည် ယခင် ကတော့ ကူ၍ ချုပ်ပေးသည်။ ယခုတော့ သူ့မျက်လုံးများသည် စာကြည့် မျက်မှန်နှင့်ပင် အပ်ပေါက်ကို မသဲကွဲ၍ သမီး အပ်ချုပ်ခြင်းကို မကူညီ နိုင်ပေ။ ရန်ကုန်မြို့ အပ်ချုပ်သမား အခက ကလေးခြောက်ယောက် ဝတ်စုံ တစ်စုံစီပဲ အပ်ဦး၊ ခြောက်စုံဆိုလျှင် လက်ခသည် ငွေ ၂၅ ကျပ်၊ အဝတ်တစ်စုံစာပင် ပြန်၍ ဝယ်လောက်ပေသည်။သို့သော်လည်း အိမ်ဆူမည်။ သမီးဖြစ်သူက လင်နိုင်သော မိန်းမတစ်ယောက် အဖြစ် ရောက်မည်ကို မလိုလားသော ဒေါ်ငြိမ်းမယ်သည် မြမြစိန်ကို ခဏခဏ လက်ကုတ်ရ၏။

mgyoe.com

mgyoe.com


"အေးပေါ့ သမီးရယ်၊ မေမေ မဂ္ဂဇင်းတွေထဲ ဖတ်ရသလို တချို့ စာရေးဆရာတွေလိုသာ အသောက်အစားလေးနဲ့ ဆိုရင် သမီး မခက် ပါလား ..."

"အဲဒီလိုဆိုတော့ လန်ကွတ်တီ ဝတ်နေတာပေါ့ မေမေရ" မြမြစိန်သည် ရယ်မောရင်း ပြန်ပြောလိုက်သည်။

"မေမေက ဘယ်သူနဲ့တူလဲ ဆိုတော့ စိန်တို့ကျောင်းက ဆရာမ အေးနဲ့တူနေပြီ၊ သူကလေ နာမည်နဲ့လိုက်အောင် အေးတယ်။ စကား ပြောလည်း နွဲ့နွဲ့အေးအေးလေးရယ်၊ သူ့ယောကျ်ားက စစ်ဗိုလ်၊ သူ့ ယောကျ်ား ပြောင်းရာနယ်ကို တစ်ခါတလေ လိုက်သွားရတာပေါ့၊ သူက သူ့လင်ကို ပြောသတဲ့၊ "မောင်ရယ် စကားပြောရင် မောင့် စကားလုံးတွေက သိပ်ကြမ်းတာပဲ၊ အေးအေးနဲ့ ယဉ်ယဉ်ကျေးကျေး ပြောပါ၊ မြတ်စွာဘုရားဟာ ကောင်းသောစကားကို ဆိုတတ်လို့ 'သုဂ တော' ဆိုတဲ့ ဂုဏ်နဲ့ညီတာ" လို့ ပြောသတဲ့၊ ဒီတော့ သူ့ယောကျ်ားက ပြန်ပြောတယ်တဲ့ မေမေရ ... "ဟ– အေးအေးရ ဘုရား ပရိသတ်နဲ့ ငါ့ ပရိသတ် တူတာမှ မဟုတ်ပဲ၊ ဘုရားကတော့ ဘိက္ခဝေ ... ချစ်သား တို့လို့ ဥဒါန်းကျူးနိုင်တာပေါ့၊ သူတရားဟောရတာ ရဟန်းပရိသတ် လည်း ဖြစ်ပြန်၊ တရားလာနာကတည်းက တရားနာပရိသတ်က ဥပ သကာတွေ၊ ငါ့မှာက မ, တစ်ရာသား လူပေါင်းစုံကိုပဲ ဘိက္ခဝေ... ချစ်သားတို့သာ လုပ်နေရင် ပြီးပါရော ... ပြီးပါရော" လို့ ဆိုသတဲ့..."

စိန်စိန်သည် သူ့စကား သူပြောရင်း ရယ်ပြန်ပါသည်။ ဒေါ်ငြိမ်း မယ်ပင် မနေနိုင် လိုက်၍ ရယ်မောမိ၏။

"အခုလည်း သမီးက ဖြစ်လာတဲ့ အခြေအနေကို ဖြစ်သမျှ အေး အေးချမ်းချမ်း ရင်ဆိုင်နိုင်အောင် ကြိုးစားပါတယ် မေမေ၊ ဒါကိုပဲ တတွတ်တွတ်နဲ့ သူမျှားကိုပဲ သူက တရားဟောနေတယ်။ သမီး

mgyoe.com

mgyoe.com


ကျောင်းမှာလည်း သမီး ပြဿနာနဲ့ပဲ၊ မေမေတို့ ဆရာမလုပ်တုန်းက လိုမှ မဟုတ်ဘဲ။ တစ်တန်းတစ်တန်း ကျောင်းသားတစ်ရာလောက်ကို အာပြဲအောင် အော်၊ ကျောင်းဆင်းတော့လည်း ကျောင်းကနေ အိမ်ရောက်ပါမယ့် အရေး ဘုရား တ, ပြီး ဘတ်စ်ကားမှာ ကျွမ်းပစ် စီးလာခဲ့ရတော့ ကုန်းအော်ချင်တာပေါ့၊ မေမေ့ သားမက်ကိုကလည်း သမီးတို့လို မိန်းမနဲ့တွေ့လို့ပါ၊ ထင်တိုင်းသုံးတဲ့ မိန်းမတွေနဲ့ တွေ့ရင် ဝပ်နေမှာပါ ..."

ဒေါ်ငြိမ်းမယ်သည် ရင်ထဲကပြုံးမိ၏။

"တကယ်တော့ တို့မိန်းမတွေလည်း အတူတူပါပဲအေ ... အလိုလိုက်တဲ့ လင်နဲ့တွေ့ရင် နွဲ့ဆိုး ဆိုးတာပါပဲ ..."

သမီးအား ဖြေ၍ ပြောလိုက်ရင်း သူ့ရှေ့တွင်ပုံထားသော အကျီဖွပ်ပြီးသားများကို တစ်ထည်စီ ရေဆွတ်ကာ မီးပူတိုက်ရန် ဒေါ်ငြိမ်းမယ်က ပြင်ဆင်နေသည်။ တနင်္ဂနွေနေ့ဖြစ်၍ မြမြစိန်သည် မီးဖိုချောင်ကို သူကိုယ်တိုင် ဝင်ချက်၏။

"သူ့ဇာချိန်က ငရုတ်သီးဆယ်တောင့်ထောင်း၊ ဘမောင်ချိန်က မေမေ့ကို ကန်စွန်းရွက် ကူပြီး ချွေပေးစမ်း၊ လှမောင်ချိန် ကြက်သွန်အဖြူ အနီ အခွံခွာပေး၊ မေမေ ငါးကိုင်ပြီးရင် တစ်ခါတည်း ဟင်းတစ်အိုး ပြီးအောင်နော် ..."

မီးဖိုမှ အသံဗလံများကို နားထောင်ရင်း ဒေါ်ငြိမ်းမယ်သည် သွားလေသူကို သတိရနေသည်။ ခြောက်နေသော အကျီများကို ရေတောက်၍ အတွန့်လေးများကို ပြန့်သွားအောင် လက်နှင့်ပြေအောင် ပွတ်၍ ပွတ်၍ ဖြေလိုက်၏။ ပုံကျအောင်ခေါက်ကာ ပုဆိုးထဲတွင် ထည့်၍ ပတ်ထားပြီးမှ တစ်ထည်စီယူကာ ဓာတ်မီးပူနှင့် တိုက်နေသည်။ သူ့ စိတ်ကူးကတော့ အဝေးသို့ ပျံ့ဝဲနေသည်။

mgyoe.com

mgyoe.com


“ငြိမ်းရေ … အဲဒီ မန္တလေးလုံချည်ကို ဖြန့်ဝတ်ရင် ခေါက်ရိုးနေရာကလေးက တြိဂံတွေ စတုဂံတွေ ဖြစ်နေရင် မောင် မကြိုက်ဘူးကွယ်၊ မီးပူလေး ထိုးလိုက်ပါဦး …”

မောင်က မြူနီစပယ်ရုံး အတွင်းရေးမှူးဖြစ်၏။ ရုံးသွားခါနီးမှဖြစ်ပေစေ မောင်သည် သူဝတ်လိုသော လုံချည်၏ခေါက်ရိုး တစ်နေရာရာမှာ လေးထောင့်ချိုး၊ သုံးထောင့်ချိုးများ ပုံပေါ်လျှင် ချက်ခြင်း မီးပူတိုက်ခိုင်းသည်။ ရုံးသွားလျှင် ဘန်ကောက်တစ်ပတ်ရစ်၊ မန္တလေးပိုးမြောက်ပြင် လုံချည်များကိုသာ ဝတ်တတ်၏။ အိမ်တွင်မူ ပလေကပ်မာစရိုက်ချည်ချော လုံချည်ကိုမှ မောင်က ဝတ်တတ်သည်။ ယခုလိုဓာတ်မီးပူကို အမေက မသုံး၍ ငြိမ်းကလည်း မသုံးရ၊ ဟင်းချက်၍ကနစိုထင်းမှ ကျသော မီးကျီးခဲများကို မြေအိုးတစ်လုံးတွင် ထည့်ကာမီးသေအောင် အဖုံးလုံလုံ ပိတ်ထားရ၏။ မီးပူတိုက်မည့်အခါမှ ထိုထင်းမှဖြစ်သော မီးသွေးများကို ကြေးမီးပူထဲတွင် ထည့်၍ တိုက်ရသည်။ ဖထီးဇနီးမှာ နေ့လယ်ပိုင်းက အားလပ်ချိန်တွင် ငြိမ်းတို့ အိမ်သားများဝတ်သော အဝတ်များကို ဖွပ်လျှော်ပေးသည်။ မီးပူတိုက်ပေးသည်။ မောင့် အဝတ်များကိုတော့ ငြိမ်းကိုယ်တိုင် မီးပူတိုက်ပေးသည်။ တစ်ခါတလေတော့လည်း မောင့်ကို ချော့ရသည်။

“မီးကျီးခဲမကျသေးဘူး မောင်ရယ်၊ တခြား အသစ်တစ်ထည်လဲဝတ်သွားနော် … ညကျရင် ခေါက်ရိုးကျေတဲ့ မောင့်ပုဆိုးတွေကို ရွေးပြီး ငြိမ်းပြန့်အောင် တိုက်ထားလိုက်မယ် …”

“လာပါဦး ငြိမ်း၊ လည်ပင်းကြယ်သီး တပ်ပေးပါဦး။ အဲ …အဲ… ဟုတ်ပြီ၊ ဒီနေ့ မြူနီစပယ် လူကြီးတွေ အစည်းအဝေး ရှိတယ်ကွယ့်…”

“ငြိမ်း သိပါတယ်၊ ဒီနေ့စောစော မောင်တစ်ယောက်တည်း ထမင်းစားသွားမယ် ဆိုတာသိလို့ အမဲသားနှပ် ဖထီးတို့ကို ညကတည်း

mgyoe.com

mgyoe.com


က နှပ်ခိုင်းထားတယ် ...”

“ကျေးဇူးတင်လိုက်တာ၊ မေမေတို့ကလည်းနော် အမဲသားနှပ် အရသာ မသိဘူး ထင်ပါရဲ့”မောင်သည် အမဲသားနှပ်။ ဆိတ်ကလီစာ စသည်များကို ကြိုက်တတ်သည်။ မောင့်ကို ထမင်းစောစောကျွေးရမည့် ရက်များတွင် ကြိုတင်မှန်းဆ၍ ငြိမ်းသည် မောင်ကြိုက်သောဟင်းများ ကို ဖထီးကို တိတ်တဆိတ် ချက်ခိုင်းထားရသည်။ အဖေတို့အမေတို့နှင့် တစ်ဝိုင်းတည်းစားချိန်တွင် ထိုဟင်းများကို အမေက ညှီစော်နံသည် ဆို၍ စားပွဲပေါ်ကို တင်သည်ကိုမှ သည်းမခံနိုင်ပေ။ အမေတို့လည်း ကျေနပ်အောင် မောင့်အဖို့ သူကြိုက်သော ဟင်းများကိုလည်း စားရ အောင် ငြိမ်းသည် အေးအေးဆေးဆေးပင် ဖန်တီးလိုက်၏။

မောင်သည် ငြိမ်းနှင့် ကြာရှည်စွာ မပေါင်းလိုက်ရ၊ မြမြစိန် မွေးပြီး နှစ်နှစ်အကြာတွင် ဆုံးသွားရှာသည်။ ဒေါ်ငြိမ်းမယ် အတွေး သည် လင်တော်မောင်ကို တွေးနေရာမှ သားမက် မောင်သန်းချိန်ဆီသို့ ရောက်လာပြန်သည်။ သားမက်တော် မောင်သန်းချိန်မှာတော့ လုံချည် အချောကို နှစ်ရှစ်ဆယ် နှစ်တစ်ရာကိုသော်မှ ရွေးမနေနိုင်။ ပပကပေး သမျှ လုံချည်ကို ကောက်ဝတ်ကာ အလုပ်သွားရ၏။ အင်္ကျီများပေါ် မီးပူထိုးရင်းမှ ဒေါ်ငြိမ်းမယ် မျက်စိထဲတွင် မီးပူပျောက်သွားကာ ငြိမ်းဆို သော မိန်းမငယ်၏ လက်ကလေးကို ပြန်မြင်ယောင်လာပြန်သည်။ သူသည် နပျိုစဉ်က ဤလုပသော လက်ကလေးများဖြင့် မောင် မနက် ရုံးအသွားတွင် စီးရန် ရှူးဖိနပ်အနက်ကို ပြောင်လက်နေအောင် ညဦးကဆေးနှင့် တိုက်ထားရသည်။ မောင်သည် ရုံးသွားလျှင် ရှူးဖိနပ်၊ တစ်ခါတစ်ရံ ခားမောက်ခြေညှပ်ဖိနပ်ကို စီး၍ သွားတတ်၏။ မင်္ဂလာ ဆောင် ပွဲနေပွဲထိုင်ဆိုလျှင် ကတ္တီပါပိန်းတန်း ယောကျ်ားစီးကို စီး၍ သွားတတ်သည်။

mgyoe.com

mgyoe.com


ယခုတော့ သူ့သားမက်ကလေး အယ်ဒီတာ မောင်သန်းချိန်သည် ငါးသုံးလုံး ဂျပန်ဖိနပ်ကိုပဲ စီးသွားရသည်။ မောင့်လို မဟာဆန်ချင်နေ၍ကော အခြေအနေသည် ဖန်တီး၍ ပေးပါမည်လား။ ဒေါ်ငြိမ်းမယ်သည် မိခင်ဝတ္တရားအတိုင်း မြမြစိန်ကိုတော့ ဆုံးမချင်သည်။ သူက မောင့်အပေါ်တွင် တခမ်းတနား ယုယပြုစုသလို မြမြစိန်က မောင်သန်းချိန်ကို တခမ်းတနား မပြုစုသည်ကို ရင်ထဲက မကျေနပ်လှ။ သူ့ သမီးသည် မောင်သန်းချိန်အပေါ် လျစ်လျူရှုလွန်းလေသလား။

"အို ... သူ့လင်ကိုသူလည်း ငါ့လင် ငါချစ်သလို ချစ်ရှာမှာပါ" သူ့စိတ်ဖြေလိုက်၏။ သေသေချာချာ အခြေအနေကို တွေးကြည့်ပြန်တော့ မြမြစိန်အဖို့လည်း သူ့အလုပ်ကို အချိန်မှီ အပြေးအလွှားတက်ဖို့၊ မိုးလင်းသည်နှင့် တစ်ပြိုင်နက် လေးခင်းပြနေရသည်။

ငြိမ်း ဆရာမအဖြစ် ကျောင်းတက်ရသည် ဆိုသည်က အဖေတို့ အမေတို့ ထမင်းကျွေးပြီးမှ ကျောင်းခေါင်းလောင်း ထိုးခါနီး လျှောက်သွားလိုက်လျှင် ကျောင်းကို ချွေးမထွက်ရဘဲရောက်သည်။ ရန်ကုန်မှာက မြမြစိန် ကျောင်းရောက်အောင်သွားရပုံကို မတွေးချင်။ ဒေါ်ငြိမ်းမယ်သော်မှ အပြင်ကို ထွက်ချင်သော စိတ်မရှိ။ တစ်ခါတစ်ရံ ထွက်မိသောအခါ ကားမှတ်တိုင်များတွင် ကားစောင့်သော လူအုပ်စုစုကြီးကို မြင်ရတိုင်း စိတ်မောလှသည်။

"ဘွားဘွား မေမေက အဝတ်ဟောင်းတွေ ပေးလိုက်ပါတဲ့ ..."

သွားလေသူကို တွေးနေသော ဒေါ်ငြိမ်းမယ်၏ အတွေးမှာ မြေးလှမောင်ချိန် အသံကြောင့် ရပ်သွားသည်။

"ဟို အဟောင်းခြင်းထဲမှာ ယူသွား၊ ဘွားဘွား မနက်ကဆပ်ပြာတောင့်ကို ရေနွေးဖြော်ထားတာ နှစ်ဖက်ဂိုင်းနဲ့ သံစည်ပိုင်းထဲမှာ ရှိတယ်။

mgyoe.com

mgyoe.com


အဲဒီအထဲမှာ အဝတ်တွေ အရင်နှစ်ပြီး စိမ်ထားလိုက်၊ ကုလားမှ ဒီအချိန် မရောက်လာသေးပါဘူး ...”

“ဟုတ်ကဲ့ ...”

လှမောင်ချိန်သည် အဝတ်ဟောင်းများကို ယူသွားသည်။ ကုလားမကို ဆပ်ပြာတောင့်နှင့် အဝတ်များကို တိုက်ခိုင်းလျှင် ရေစင်အောင် မလျှော်သောကြောင့် ခဏခဏ ဖွပ်ပြီးသား အဝတ်ခြောက်များတွင် ဆပ်ပြာ မာကျောကျောအဖတ်များကို တွေ့ရသည်။

“ကဲ ... ကိုကိုရေ၊ ပူစူးတို့ မာလေးတို့ကို ခေါ်ရေချိုးတော့၊ သားကြီး အပါ မေမေ့ဆီလာ၊ မေမေ ထမင်းကျွေးမယ် ...”

မြမြစိန်၏ မီးဖိုမှ အော်ကာ ထွက်လာသံကို ကြားလိုက်ရ၏။ နောက် ဆယ်နှစ်ဆိုလျှင် မြမြစိန်သည် ဒေါ်မြမြစိန် ဖြစ်ကာ ဒေါ်ငြိမ်းမယ်နေရာတွင် ဝင်၍ က, ရဦးတော့မည်။ ဒေါ်ငြိမ်းမယ်သည် သူ့အတွေးကို ရပ်လိုက်၏။

❂

mgyoe.com

mgyoe.com

# [၂]

"ကျွန်မ လင်ကို အလှဆုံးထင်တယ် မောင်၊ ကိုမိုးကျရွှေကိုယ် ဆို လောက်အောင် ယဉ်တယ်မောင်၊ နန်းတော်ရှေ့ ... နန်းတော်ရှေ့ ပြော ပါများရင်၊ မအေးမိ မောင်မောင် ..."

တွေးကြည့်ပါ သူဌေးကြီးတွေ စပ်တာတောင် မိတော့ မယူဘူး မောင်၊ ကျွန်မတော့ မယူဘူးမောင်၊ ရည်းစား တစ်ထောင်၊ ချစ်တဲ့သူ ကလွဲ၊ ဖွဲနဲ့ ဆန်ကွဲ မောင်၊ ချစ်ပါသမောင်၊ မေတ္တာဆောင်၊ တစ်ဦးတည်း ပဲ၊ ချစ်ချစ်သမောင်၊ ယောင်ယောင် ပေါင်ပေါင် မစလာနဲ့၊ တွေးကြည့် ပါ၊ အေးမိ ကျွန်မ သဝန်ကြောင်။

တိုက်ကြီးလည်း တည်မယ်မောင်၊ စိန်ဘီးလည်း ပန်ချင်သ မောင်၊ အဲဒါတွေကို၊ ကိုယ့်ယောကျ်ားမို့၊ ဒုက္ခများသမို့၊ အပူမရှာချင် ပေါင်၊ လူတို့ခင်မင်အောင်၊ သူတို့ခင်မင်အောင်၊ ဖြစ်သ၍ နေပြီမရှောင်၊ ရွှေကိုမခင်၊ လူကိုခင်တယ်၊ ချစ်တဲ့လူကလွဲ၊ အကုန်လုံး ဖွဲနဲ့ဆန်ကွဲ မောင်၊ ဘုရင်ခံ မလိုချင်ပေါင် ..."

mgyoe.com

mgyoe.com


ထိုသီချင်းကို ရှေးအဆိုတော်ကြီး မအေးမိ ဆိုသွား၏။ မြမြစိန်တို့နှင့် ဆိုသော် တစ်ခေတ်လောက် ကွာနေမည်။ သို့သော် မြမြစိန်သည် ထိုသီချင်းကို တစ်ဆင့် ကြားဖူးကတည်းက အလွန်ကြိုက်သည်။ ကြိုက်၍လည်း သူ ခဏခဏ ဆိုသည်။ စကားလုံးများမှာတော့ လွဲချင်လွဲနေမည်။ အလိုက်ကတော့ မှန်ပေသည်။

ကိုသန်းချိန် (တိပ်– ရီကော်ဒါ) အသံဖမ်းစက် စ, ဝယ်သည့်နေ့က အသံသွင်းခွေများကို အစမ်းဖမ်းကြည့်မည် ဆိုသည်။ မြမြစိန်က သူ့အကြိုက်ဆုံး သီချင်းဆိုကြည့်မည် ဆို၏။ သူ့ဇနီးသည်၏ အသံကို ကိုသန်းချိန်သည် ဖမ်းယူထားသည်။ ထိုသီချင်းပါသော အသံသွင်းခွေကို အမှတ်တရ ကိုသန်းချိန်ကလည်း သိမ်းထားသည်။ ဘယ်လောက်များ ထိုသီချင်းကို ဖွင့်ကြည့်သည်မသိ၊ ခုတော့ ဘမောင်ချိန်ရော၊ လှမောင်ချိန်၊ သူဇာချိန်ကအစ၊ အို ... စကားပြောစ မာလေးပင် မပီကလာ ပီကလာ ဆိုတတ်၍ နေပေပြီ။

ဘမောင်ချိန်က ယနေ့လာလည်သော ကိုသန်းချိန် အမေ ဘွားဘွားကြီး ဒေါ်ဂျိုးဥကို သူ့ တိပ်ခွေဖွင့်ပြ၏။ သူတို့ပါ ဝိုင်းဆိုသည်။ ယခင် ဒေါ်ဂျိုးဥ ခဏတစ်ဖြုတ်လာလည်စဉ်က ဤအသံဖမ်း တိပ်ခွေ မဝယ်ရသေးပေ။

အသံသွင်းထားသော တိပ်ခွေမှာ သီချင်းဆုံး၍ ရပ်သွား၏။ ကလေးများ လိုက်ဆိုနေသော အသံလည်း ရပ်သွား၏။

"သားကြီး ဘမောင်ချိန် ပိတ်လိုက်တော့၊ ညီလေးတို့ ညီမလေးတို့ကိုခေါ် ... သွား ထမင်းစား၊ မင်းတို့ စားပြီးတော့မှ ဘွားဘွားမာလေးတို့ကို ထမင်းကျွေးမယ် ..."

ဒေါ်ငြိမ်းမယ်သည် အသံသွင်းစက်ကို ရပ်ခိုင်းလိုက်၏။ ဘမောင်ချိန်သည် ကျွမ်းကျင်စွာပင် စက်ကိုပိတ်ကာ မီးဖိုထဲဝင်သွား

mgyoe.com

mgyoe.com


သည်။

အသံသွင်းခွေ သီချင်းဖွင့်စဉ်က ကလေးများက စိတ်ဝင်စားစွာ နားထောင်ရင်း လိုက်၍ ဆိုနေကြသော်လည်း ဒေါ်ဂျိုးဥသည် သီချင်းသံကိုရော စာသားကိုရော စိတ်ပါပုံမရပေ။ သူ့ ရင်ထဲတွင် မကျေမနပ်သော ခံစားချက် မျက်နှာထားနှင့် အသံသွင်းစက်ကို ကြည့်နေ၏။ ပြီးတော့ ရေဒီယိုဆီ မျက်လုံးရောက်သွားပြန်သည်။ ရေဒီယိုနှင့် အသံသွင်းစက် နှစ်လုံးကြားရှိ စာအုပ်ဗီရိုကြီးသို့ မျက်စိရောက်သွား ပြန်သည်။ ဗီရိုမှာ တံခါးမှန်တပ်ထား၍ အထဲမှ စာအုပ်များကို မြင်နေရသည်။

ဒေါ်ဂျိုးဥသည် ရန်ကုန်ကိုလည်း ရောက်ခဲ့၊ ရောက်ပြန်တော့လည်း ဘယ်တော့မှ ကိုသန်းချိန်အိမ်မှာ မတည်းပေ။ သူ့အစ်ကိုကြီး ဝတ်လုံတော်ရ ဦးကောင်းဇံ အိမ်မှာသာ တည်းသည်။ သားဖြစ်သူ အိမ်တွင် အလွန်ဆုံးတစ်ညအိပ်သည်။ တစ်ခါတစ်ရံ ထမင်းတစ်နပ်လောက်သာ စားရုံ လာစား၍ ပြန်သွားတတ်သည်။

ယခုလည်း ကိစ္စတစ်ခုနှင့်လာစဉ် သားအိမ်တွင် တစ်ည လာအိပ်ခြင်း ဖြစ်သည်။ ယခင် သူတစ်ခေါက်လာစဉ်က မတွေ့သော ဤ အသံသွင်းစက်ကို မကျေမနပ်ဟန်ဖြင့် ကြည့်နေသည်။ စာအုပ်ဗီရိုမှာတော့ ယခင်တစ်ခါလာကတည်းက တွေ့ထား၍ သူ့စိတ်ထဲတွင် မထူးခြားလှပေ။

သို့သော် ဘုရားစင်အောက်တည့်တည့် ကျွန်းသား ဗီရိုအသစ်စက်စက်တစ်လုံးကိုမူ သိချင်စိတ်ဖြင့် ကြည့်နေသည်။ ဗီရိုတံခါးကလည်း မှန်တပ်၍ မထား၊ သစ်သားတံခါးဖြစ်၏။ အထဲမှာဘာတွေများ ရှိနေသလဲဆိုသည်ကို သူသိချင်နေပေသည်။

"ဒေါ်ဂျိုးဥရော အခု ထမင်းစားနှင့်မလား ..."

mgyoe.com

mgyoe.com


ဒေါ်ငြိမ်းမယ်သည် အတွေးတွင် နစ်နေသော ဒေါ်ဂျိုးဥကို လှမ်း၍မေးလိုက်၏။ ဒေါ်ငြိမ်းမယ် မေးသံကို ကြားမှ ဒေါ်ဂျိုးဥသည် သူ့အတွေးကို ရပ်လိုက်သည်။

"မစားသေးပါဘူး မငြိမ်းမယ်ရယ်၊ မောင်သန်းချိန်တို့လာတဲ့အထိ စောင့်ဦးမယ် ..."

"ဟုတ်ကဲ့ ... သိပ်များနေမြင့်နေမလားလို့၊ ရန်ကုန်ကလေ တနင်္ဂနွေနေ့မှာပဲ နေ့အားရတော့ ဆွမ်းကျွေးတို့၊ မင်္ဂလာဆောင်တို့၊ ကင်ပွန်းတပ်တို့ ဆိုတာတွေကို တနင်္ဂနွေနေ့မှ လုပ်တတ်တယ်။ ပေါင်းရေး သင်းရေးကလည်း ရှိသေးတော့ တနင်္ဂနွေနေ့ မအားရပြန်ဘူး။ တစ်ခါတလေများ မောင်သန်းချိန်တို့ တစ်ယောက်တစ်ပွဲစီ ခွဲသွားရတယ်။ တော်ရုံတန်ရုံ ရင်းနှီးရုံနဲ့တော့ သွားခဲ့ပါတယ်။ ခုပွဲကတော့ မောင်သန်းချိန်တို့ သတင်းစာတိုက်က တိုက်အုပ်ရဲ့ မြေးဦး ကင်ပွန်းတပ်မို့နှစ်ယောက်လုံး သွားတာ ..."

ဒေါ်ငြိမ်းမယ်သည် ရန်ကုန်၏ အားလပ်ချိန်ကို တစ်စိတ်တစ်ဒေသ ရှင်းပြနေ၏။ သို့သော် ဒေါ်ငြိမ်းမယ် ဘာတွေပြောပြော ဒေါ်ဂျိုးဥက စိတ်မဝင်စား။

"ဒီမယ် ... မငြိမ်းမယ်၊ အဲဒီ ကြိုးခွေနဲ့ အသံသွင်းစက်က ဘာလုပ်ဝယ်ရပြန်တာလဲ၊ ဒီသီချင်းတွေက ရေဒီယိုက ကြားနေရတာပဲ မဟုတ်လား ..."

သူသိလိုသော ကြားဖြတ်မေးခွန်းကိုသာ ဦးစားပေး၍ မေးလိုက်၏။

"ဘယ်လောက်ပေးရလဲ ..."

နောက်ဆက်တွဲ မေးခွန်းကိုပါ ထည့်လိုက်ပြန်သည်။

"အမျိုးအစားက အကောင်းစားဆိုတော့ အခုဈေး သုံးထောင်

mgyoe.com

mgyoe.com


ကျော်နေပြီ ထင်တယ် ..."

"အမလေး ... သုံးထောင်ကျော် ..."

အဘွားကြီးသည် ရင်မ, ၍ မျက်လုံးပြူးကာ မေး၏။

"ဝယ်ရင်းဈေးက တစ်ထောင်ကျော်ပါ ..."

ဒေါ်ငြိမ်းမယ်ကလည်း ကောက်ကာ ငင်ကာ ဝယ်ရင်းဈေးကို မြန်မြန် ပြောလိုက်ရ၏။ အဘယ့်ကြောင့် ဆိုသော် ခမည်းခမက်တော်လာရပြီဖြစ်သော ဒေါ်ဂျိုးဉ အကြောင်းကို သိတန်သလောက် သိပြီးဖြစ်သည်။

"တစ်ထောင်ကျော် ဆိုရော နည်းသလား မငြိမ်းမယ်ရယ်၊ ရှေ့... ရှေ့ ... ရှေ့နှစ်ကျပ်သားဖိုးပဲ ..."

"ဟုတ်ကဲ့ ... မောင်သန်းချိန်အတွက် လိုအပ်တဲ့ပစ္စည်း ဆိုတော့ သူတို့ရှာတဲ့ငွေနဲ့ သူတို့ဝယ်တာကို ကျွန်မလည်း ကန့်ကွက်ဖို့ လိုတယ် မထင်တာနဲ့ ဘာမှဝင်မပြောပါဘူး ..."

"မောင်သန်းချိန် ဟုတ်လား၊ မောင်သန်းချိန် လိုအပ်တဲ့ပစ္စည်း..."

အကယ်၍သာ ဤနေရာတွင် မောင်သန်းချိန် အမည်ကို ဒေါ်ငြိမ်းမယ်က စောစောစီးစီး မသုံးလိုက်ပါလျှင် ဒေါ်ဂျိုးဉသည် ပထမဆုံး ဒေါ်ငြိမ်းမယ်ကို စွဲချက်တင်မည်။ မြေးများကို အလိုလိုက်လွန်းလို၍သာ ဤအသံသွင်းစက်ကို သမီးနှင့် သားမက်အား ဝယ်ခွင့်ပြုသည်။ တကယ်ဆိုလျှင် ဒေါ်ငြိမ်းမယ်သည် ဤအိမ်ထောင်၏ ဦးစီးဖြစ်၍ ကန့်ကွက်ရမည်ဟု အစချီကာ ရန်မထောင်ရုံတမယ် လှည့်ပတ်သွယ်ဝိုက်၍ အပြစ်တင်ရန် မောင်းတင်ထားပြီး ဖြစ်သည်။ ယခုတော့ သူ့သား မောင်သန်းချိန်အတွက် လိုအပ်သော ပစ္စည်းဆို၍ သူသည် ထွက်မည့်ဆဲဆဲ စကားလုံးများကို မျိုချလိုက်ရသည်။

"နေပါဦး ... အယ်ဒီတာတစ်ယောက်က အဲဒီ အသံသွင်းစက်နဲ့

mgyoe.com

mgyoe.com


ဘာလုပ်ရတာတုံး ...”

နောက်ထပ် ထပ်မံ၍ မေးခွန်းမေးလိုက်ပြန်သည်။

ကျွန်မ သိသလောက်တော့ မောင်သန်းချိန်ဟာ သူအခု လုပ်နေတဲ့ မဂ္ဂဇင်းတိုက် တစ်ခုတည်းမှာပဲ တာဝန်ခံ အယ်ဒီတာ လုပ်နေတာ မဟုတ်ဘူးလေ၊ တခြားမဂ္ဂဇင်းတွေ၊ သတင်းစာတွေမှာလည်း ကလောင်နာမည်နဲ့ သူ့ဝတ္ထု ဆောင်းပါးတွေရေးနေတယ်။ စာရေးဆရာဆိုတာ ခက်သားလား၊ ညကြီးသန်းခေါင်ပေမယ့် သူတို့ခေါင်းထဲ အတွေးတွေ ပေါ်လာရင်ထပြီး ရေးရမှတဲ့၊ အဲဒါမရေးနိုင်တဲ့အခါ ပါးစပ်ကပြောအသံသွင်းယူပြီး နောက်မှလက်ရေးတိုနဲ့ လိုက်ယူတတ်ကြတယ်။ ဒီရန်ကုန်မှာ ပိုက်ဆံရှိတဲ့ အယ်ဒီတာ၊ စာရေးဆရာတွေတော့ လက်နှိပ်စက် စာရေးမလေးတွေလည်း ခန့်ထားတယ်။ အသံသွင်းစက်လည်း ထားတာပဲ ...”

ဒေါ်ငြိမ်းမယ်သည် ခပ်အေးအေးပင် ဖြေ၏။

“အို ... ကျွန်မသိသလောက်တော့ စာရေးဆရာတို့၊ အယ်ဒီတာတို့ဆိုတာ ထမင်းနပ်မှန်အောင် စားရတယ်ကိုမရှိပါဘူး ...”

“ဟုတ်ကဲ့ ... များသောအားဖြင့်တော့ ဆင်းရဲကြပါတယ် ...”

“ဟင်း ...” ဒေါသဖြင့် မကျေမနပ်ချက်များကို နှာခေါင်းဖြင့် မှုတ်ထုတ်လိုက်သလို ဒေါ်ဂျိုးဥက လုပ်လိုက်၏။

“ဒီသူငယ့်ကို ဆင်းရဲဇာတာပါတယ်။ စာရေးဆရာဆိုတာ ဘယ်တော့များ ချမ်းသာလို့လဲ၊ ဆင်မြီးဆွဲက ကိုရာမြင့်ဟာ သေသာ သွားရော တဲပုတ်နဲ့ နေသွားရတာ၊ အခုလည်း မောင်သန်းချိန်ကို ဘီအေ အောင်ကတည်းက ဝန်ထောက်စာမေးပွဲ ဝင်ပါဆို မဝင်ဘူး၊ ဘီ အယ်လ် ဆက်ပြီးနေရင်လည်း၊ သူ့ ဦးကြီး ဦးကောင်းဖဲလို ဝတ်လုံ မဖြစ်ပါလား၊ ခုတော့ လုပ်ချင်လိုက်တဲ့ စာရေးဆရာ လုပ်ချင်လိုက်တဲ့

mgyoe.com

mgyoe.com

အယ်ဒီတာ ..."

ဒေါ်ငြိမ်းမယ်သည် ဘာမျှဝင်မပြော။ သူ့သားကိစ္စ သူပြော နေခြင်းအတွက် တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ပြောဖို့ လိုမည်မထင် ပေ။ သူ့သမီးမြမြစိန်က လူငယ်ချင်း ချစ်ကြ၍ ပေးစားပါဆိုသော ကြောင့်၊ သူရန်ကုန်လိုက်လာ၍ သမီးဆန္ဒကို ဖြည့်ခဲ့ရသည်။ ထိုစဉ်က တည်းက ဒေါ်ဂျိုးဥကို ခေတ္တဆုံခဲ့ရသော်လည်း စိတ်ဓာတ်ကို ရိပ်မိတန် သရွေ့ ရိပ်မိပြီးဖြစ်သည်။ ဒေါ်ဂျိုးဥသည် သားဖြစ်သူကို မလွန်ဆန်နိုင် လွန်း၍သာ ပေးစားရသည်။ မြမြစိန်လို မိန်းကလေးတစ်ယောက်နှင့် သူ့သားမှာ တူသည်တန်သည်မထင် ဟူသော မျက်နှာထားနှင့် ဒေါ်ဂျိုးဥသည် လက်ထပ်ပွဲကို လက်ထပ်ပွဲ ဆိုရုံလောက် ကျင်းပပေး ခဲ့၏။

ဝတ်လုံတော်ရ ဦးကောင်းဖဲကို အမှူးထား လက်မှတ်ထိုးယူကြ သည်။ သမီးလေး၏ လက်ထပ်ပွဲမှာ ဒါလောက်နှင့်ပင် ပြီးခဲ့သည်။

အမှန်တော့ သူ့တွင် တစ်ဦးတည်းသော သမီးမို့ တခမ်းတနား သပ်သပ်ရပ်ရပ် ကျင်းပပေးနိုင်လောက်အောင် အခြေအနေတော့ ရှိပါ သည်။ မဟာမင်္ဂလာပွဲကြီးမျိုးကိုသာ လုပ်မပေးနိုင်ပေ ..."

သို့သော် မြမြစိန်ကမူ ...

"မေမေ သမီးမင်္ဂလာပွဲအတွက် လုပ်ပေးမယ့်ငွေကို မေမေ အိုချိန် မှာ အသုံးချဖို့ ထားပါ၊ သမီးတို့ချင်း ချစ်လို့ယူတဲ့အတွက် မေမေ့ကို သမီး တာဝန်ထပ်ပေးဖို့ မလိုတော့ဘူး။ သမီးချစ်သူကို မကန့်ကွက်ဘဲ မေမေ ရှောရှောရှူရှူ လက်ထပ်ခွင့်ပြုတာပဲ သမီး ကျေးဇူးတင်လှပြီ" ဒါပဲ သူ့ကို ပြော၏။ ဒေါ်ငြိမ်းမယ်သည် သူ့သမီးနှင့် သူတော့ နား လည်မှုရှိပြီး ဖြစ်ပါသည်။ သို့သော် လက်ထပ်ပွဲတစ်ချိန်က ဒေါ်ဂျိုးဥ မျက်နှာထား၊ ဒေါ်ဂျိုးဥ ဟန်ပန်လေသံတို့ကိုတော့ နည်းနည်းခံပြင်း

mgyoe.com

mgyoe.com


မိသည်။ ပုထုဇဉ် လူသားပေပဲ။

သို့သော် လူငယ်များ၏ အိမ်ထောင်ရေးမှာ အဓိကသည် ကိုသန်းချိန်သာ ဖြစ်၍ ဒေါ်ဂျိုးဥ မဟုတ်သောကြောင့် ဒေါ်ငြိမ်းမယ်သည် တစ်စုံတစ်ရာ မစွက်ဖက်ခဲ့ပေ။

"ဒေါက် ... ဒေါက် ... ဒေါက် ...ဒေါက် ..."

တံခါးခေါက်သံမှာ အမယ်ကြီးနှစ်ယောက်၏ စကားပြောပွဲကို ရပ်သွားစေသည်။ ဒေါ်ငြိမ်းမယ်သည် အဝင်တံခါးမကြီးကို ဆွဲဖွင့်လိုက်၏ ။

"သြော် ... မော်လီပါလား၊ အထဲဝင်ထိုင်လေ ..."

မော်လီသည် ဖျတ်လတ်သွက်လက်စွာပင် အိမ်ရှေ့ခန်းသို့ ဝင်လာ၏။ မော်လီ စဝင်လာကတည်းက ဖိနပ်ဖြူခုံမြင့်ကို အဝင်ဝတွင် ချွတ်ထားခဲ့ပုံ၊ ခြေဖျားလေးထောက်ကာ အိမ်ရှေ့ခန်းသို့ ခပ်ရွရွ ခပ်ဖွဖွလေး လျှောက်လာခဲ့သော ဟန်၊ ကြာရွက်လိပ်လို ဆံပင်ကို နောက်စေ့တွင်လိပ်၍ ရှေ့ဆံများကိုမူ နဖူးပေါ် ခန်းဆီးချထားသလို ချထားသော ထုံးဖွဲ့မှုများကို ဒေါ်ဂျိုးဥသည် စူးစူးစိုက်စိုက် ကြည့်နေပြန်၏။ ပြီးတော့ နှစ်ထပ်ဇာလက်တို အဝါနုအင်္ကျီ၊ ချောကလက်ရောင်ရင့်ရင့် ပါတိတ်လုံချည်ပါမကျန်၊ အားလုံး သိမ်းကျုံးကြည့်လိုက် ပြန်သည်။ မော်လီသည် လှပစွာပြုံး၏။ သူ့အသံ သာသာလေးနှင့် နှုတ်ဆက်လိုက်သည်။

"ကြီးကြီးဂျိုး၊ မော်လီကို မမှတ်မိတော့ဘူးလား။ စူးစူးစိုက်စိုက် ကြည့်နေလိုက်တာ ..."

ဒေါ်ဂျိုးဥသည် စောစောက မျက်နှာထားကို ပြင်ကာ ပြုံးလိုက်၏ ။

"အောက်ခန်းက မသန်းငွေသမီး မဟုတ်လား ..."

mgyoe.com

mgyoe.com


"ဟုတ်ပါတယ် ကြီးကြီးဂျိုးရဲ့ ..."

"လှလာလို့ပါ၊ ခုတစ်လော ကြီးကြီးဂျိုးကလည်း အညာက မလာတာ တစ်နှစ်နီးပါး ရှိသွားပြီ၊ မော်လီကအသားလည်း ဖြူလာတာကိုး ..."

"ကြီးကြီးဂျိုးက မော်လီကို ချီးကျူးနေပြန်ပြီ၊ ဒါကြောင့် မော်လီက ကြီးကြီးကို ထမင်းကျွေးမလို့လာဖိတ်တာ မေမေကလေ ညနေကျရင် မော်လီတို့ အိမ်မှာ ထမင်းလာစားပါတဲ့။ မေမေ ကိုယ်တိုင်ချက်မှာပါ၊ မော်လီကတော့ အသားယူရုံလာဖိတ်တာ ခုတောင် မေမေက သူကိုယ်တိုင်လာ မဖိတ်တာ စိတ်မရှိပါနဲ့၊ ခွင့်လွှတ်ပါတဲ့ ခုမနက်ပိုင်း မင်းကွန်းဓမ္မာရုံမှာ သူတို့ ယောဂီတွေ အစည်းအဝေးရှိလို့တဲ့ ညစာစားဖို့ ကြီးကြီးငြိမ်းလည်း လိုက်လာခဲ့ရမယ်နော် ..."

လက်ညှိုးကလေး ထောင်ကာလှပစွာ ပြောနေသော မော်လီကို ဒေါ်ငြိမ်းမယ် ပြုံး၍ကြည့်နေရာမှ ခေါင်းကို ဖြေးညှင်းစွာ ခါလိုက်၏။

"မသန်းဌေးကို ပြောလိုက်ပါကွယ်၊ ကြီးကြီးငြိမ်းက ညည့်သည် မဟုတ်ပါဘူး။ ညနေကျ စိန်စိန်ရယ် မိဘဆရာအသင်းအတွက်ဆိုလား၊ စာကြည့်တိုက် အတွက်ဆိုလား အစည်းအဝေး ရှိလို့သွားရမယ်၊ အပြန် မိုးချုပ်လိမ့်မယ်၊ ဒီကလေးတွေ တစ်အုပ်နဲ့ဟာ မလိုက်လာနိုင်ဘူး။ ဒေါ်ဂျိုးဥပဲ လွှတ်လိုက်မယ် ..."

"ကဲ ... မော်လီ သွားဦးမယ်၊ ကိုကို့ကားနဲ့ အတူလိုက်သွားရမှာမို့ ကြီးကြီးဂျိုးရယ် မော်လီကို ခွင့်ပြုပါဦး ..."

"အေး ... အေး ..."

သွက်လက်စွာထသွားသော မော်လီ၏ နောက်ပိုင်းအလှကို ဒေါ်ဂျိုးဥသည် စိုက်၍ကြည့်နေပြန်သည်။ ဒေါ်ငြိမ်းမယ်က တံခါးကို ဆွဲပိတ်ရင်း သော့ခလောက် ချိတ်လိုက်၏။

mgyoe.com

mgyoe.com


"မငြိမ်းမယ် ဒီမော်လီဟာ အရင်ကဆင်ပုံ ပြင်ပုံ ခုလို မဟုတ်ပါဘူးထင်တယ် ..."

ဒေါ်ဂျိုးဥသည် မော်လီ့ ဟန်ပန်ကို တဒင်္ဂ အမြင်အတွင်း သူ့ထင်မြင်ချက်ကို ပေးလိုက်၏။

"ရန်ကုန်မှာတော့ ထူးလှတယ်မဟုတ်ပါဘူး ဒေါ်ဂျိုးဥရယ်၊ သူတို့က တစ်ပတ်တစ်ခါ ဆံပင်ပုံစံ၊ အဝတ်အစားပုံစံ ပြောင်းနေကြတာလား ..."

"အဲဒီ သူအခုဝတ်လာတဲ့ ပခုံးက အင်္ကျီဆက်ပုံဟာ ကျွန်မတို့ဆီမှာ သီလရှင်ဝတ်တဲ့ပုံစံပါ ..."

"အစုံပါပဲလေ၊ သူတို့ခေတ်နဲ့ သူတို့ကို ဆံပင်ဆိုလည်းတစ်ခါထုံးရင် ငါးကျပ်ကနေ လေးဆယ့်ငါးကျပ် ငါးဆယ်အထိ ထုံးခအမျိုးမျိုး ပေးရတယ်။ ဆံပင်အလှ ပြင်ဆိုင်တွေက ထုံးပေးတယ် ..."

"အမလေး ငါးကျပ်၊ ငါးကျပ်ဆို ကျွန်မတို့ဆီမှာ တစ်ပတ်ဟင်းချက်စရာ ဝယ်နိုင်တယ်၊ ဆံပင်ကို လေးဆယ့်ငါးကျပ် ငါးဆယ်ပေးထုံးတာကတော့ ဒီသူငယ်မတွေ စိတ်မှန့်ရဲ့လား၊ ရူးနေပြီထင်တယ်..."

ဒေါ်ငြိမ်းမယ်သည် ဘာမျှ ပြန်မဖြေ၊ ရယ်နေ၏။

"ဒါနဲ့ မော်လီ ရင်ဘတ်က ဆွဲပြားကို ဝိုင်းထားတဲ့ ကျောက်ဟာစိန်အစစ် ဟုတ်ကဲ့လား" ရုတ်တရက် မျက်စိလျှင်လွန်းသော ခမည်းခမက် ဒေါ်ဂျိုးဥကို အံ့သြဟန်ဖြင့် ဒေါ်ငြိမ်းမယ်သည် ကြည့်ရင်း "အဲဒါတော့ မသိဘူး ဒေါ်ဂျိုးဥ၊ ကျွန်မ သတိမထားလိုက်မိဘူး" ဟုဖြေလိုက်၏။

"အင်း ... ခုပုံတော့ မော်လီ ယောကျ်ားက ကားဝယ်နိုင်ပြီထင်တယ်၊ ဒီက မောင်သန်းချိန်မှာသာ ကားလည်းမတွေ့ရ ဘာလည်း

mgyoe.com

mgyoe.com


မတွေ့ရ၊ ကျွန်မတစ်ခါလာလည်း ဒီပုံစံအတိုင်းပဲ ..."

ဒေါ်ငြိမ်းမယ်သည် ဘာမျှပြန်မဖြေဘဲ နေပြန်သည်။ ဒေါ်ဂျိုးဉ စိတ်ထဲတွင်တော့ သူ့ကို စကားနည်းနည်းတော့ ပြန်ပြောစေချင်သည်။ ဒေါ်ငြိမ်းမယ် ငြိမ်သက်နေ၍ သူစကားဆက်ပြောဖို့ ပိတ်နေသလို ဖြစ်နေသည်။

"ခုခေတ် မိန်းကလေး မိဘရှင်တွေက လူလည်တွေ၊ မောင်သန်းချိန်အောက် သားငယ်မောင်သန်းရှိန် မင်္ဂလာဆောင်တုန်းကများ ဒေါ်ငြိမ်းမယ် လိုက်လာစေချင်တယ် ..."

"ဟုတ်ကဲ့ ကျွန်မလည်း လိုက်လာမလို့ပဲ၊ စိန်စိန်သားတွေ ကျွန်မ ခြံထဲ လိုက်လည်ချင်တယ်ဆိုလို့ နွေရာသီ ကျောင်းပိတ်ရက် အလည် ခေါ်သွားရတာ၊ ဟိုမှာတော့ သူတို့လည်း ကျယ်ကျယ်ပြန့်ပြန့် ဆော့ရ ကစားရတယ် ..."

"အဲဒီ မင်္ဂလာဆောင်တုန်းကများ ကျွန်မ စိတ်ဆိုးလိုက်တာ၊ လူကြီးတစ်ယောက်အနေနဲ့ စကားမဖျက်ချင်လို့သာ လုပ်လိုက်ရတယ်။ မောင်သန်းရှိန်ကလည်း လူအေး ... မေမေရယ် ရှက်စရာကြီးဆိုလို့ လက်ထပ်ပွဲပြီးအောင် လုပ်ပေးရတယ်။ မိန်းကလေးဘက်က လုပ်ပုံက ဘယ်လောက် မခံချင်စရာကောင်းလည်းဆို ကျွန်မကတော့ ကျွန်မသား ကို ဆရာဝန်ဖြစ်အောင် ခုနစ်နှစ်ခုနစ်မိုး စာသင်ပေးလိုက်ရတယ်၊ သူတို့ ရဲ့ သမီးကို စိန်တစ်ဆင်စာ ထည့်ပါ့မယ်ဆိုပြီး ကတိထားတယ်၊ အဲဒါ တကယ်မင်္ဂလာဆောင်တော့ အလယ်က လော့ကက်သီး မြကို ဝိုင်း ထားတာကသာ စိန်အစစ်၊ ကြိုးပေါ်မှာစီထားတဲ့ စိန်အတုတွေ၊ သူတို့ ကလေ ဂျိုးဉကို စိန်အကြောင်း နားမလည်ဘူး အောက်မေ့နေတာလား၊ ကျွန်မကလေ မြင်တာနဲ့ သိတော့ တစ်ခါတည်း ထပြန်မလို့ မောင်သန်း ရှိန်က မေမေရယ် ရပ်ပျက်လှပါတယ် ဆိုလွန်းလို့ မင်္ဂလာပွဲ ပြီးအောင်

mgyoe.com

mgyoe.com


အောင့်နေရတယ်၊ မနက်စာတောင် ကျွန်မ မစားခဲ့ဘူး ...”

“ဟုတ်ကဲ့ ...”

“ဒေါ်ငြိမ်းမယ်သည် ထင်မြင်ချက်ကို လည်းမပြော၊ ဝေဖန်ချက်ကိုလည်း မပြောပေ။

“ခုတော့လေ ဆရာဝန်ကြီးကတော် ဆရာဝန်ကြီးယောက္ခမတွေ အနေနဲ့ စားသောက်နေလိုက်ကြတာ ငြိမ့်လို့ ...”

“သူတို့ရော မြင်းခြံမှာပဲလား ...”

ဒေါ်ငြိမ်းမယ်က တခြားစကားကို ကောက်၍ မေးလိုက်ပြန်သည်။

“ဆေးခန်းဖွင့်ပါဆိုတာလည်း မဖွင့်ဘူး။ မြင်းခြံမြို့ပေါ် မနေချင်ဘူးဆိုပြီး အညာတစ်ခွင် လျှောက်ပြောင်းနေလေရဲ့ ...”

“အစိုးရ အလုပ်ကိုး ...”

“ဒီလို ရှိတယ်လေ မငြိမ်းမယ်ရယ်၊ မောင်သန်းရှိန် ယောက္ခမတွေကိုက ညံ့ပါတယ်၊ မြင်းခြံမှာ ဆေးဆိုင်ဖွင့်ပေးလိုက်ရင် ငြိမ်းငြိမ်းအေးအေး နေရရက်သားနဲ့ ခုတော့ အစိုးရလခစား ဆိုတော့ သွားနေရတာပေါ့...”

“လူငယ်တွေ ဆိုတော့ တစ်နေရာတည်း ငြိမ်ငြိမ် မနေချင်ဘူး ထင်ပါရဲ့ ...”

“ဘာဟုတ်ရမလဲရှင်၊ မြင်းခြံမှာနေတော့ မင်းဘူးကနေ ကျွန်မက ခဏခဏလာလာနေမှာကို သူ့မိန်းမက မကြိုက်ဘူး ထင်ပါတယ်၊ ဒါကြောင့် ပြောရတယ် ငါ့မှာ ငါ့အထုပ်ငါ့အထည်နဲ့ မင်းတို့ဆီလာမလည်ဘူး၊ မင်းအစ်ကို မောင်သန်းချိန်ဟာ အယ်ဒီတာပေမဲ့ တစ်လတစ်ရာ ငါ့ဆီ ငွေမှန်မှန်ပို့ရတယ်။ မင်းက ဆရာဝန်ဆိုတော့ နှစ်ကျပ်သားရှိတဲ့ ရွှေကြိုးတစ်ကုံး မှန်မှန် တစ်နှစ်တစ်ကုံး ပို့ရမယ်လို့ ကျွန်မ

mgyoe.com

mgyoe.com


တစ်ခါတည်း သတ်မှတ်ထားတယ် ...”

“ဩော် ...”

ဒေါ်ငြိမ်းမယ်ကလည်း နေနိုင်လွန်းစွတကား။ တကယ်ဆို ရွှေစီမံကိန်း၊ စိန်စီမံကိန်းများကို တစ်လုံးတစ်လေ ဝင်ပြောသင့်သည်။ ဒေါ်ငြိမ်းမယ်က ဘာမျှမပြောလေလေ၊ ဒေါ်ဂျိုးဥသည် ရပ်သွားရမည့်အစား အသည်းယားသလို ဖြစ်သွားဟန်တူသည်။

“မှန်မှန်ပို့ ရတယ်ရှင့်၊ မှန်မှန်ပို့ရတယ်၊ မပို့ရင်တော့လား ဂျိုးဥကနယ်ခြားမကလို့ နိုင်ငံခြား ရောက်နေနေ အတင်းလိုက်မှာပဲ၊ လာမယ့်နှစ်အတွက်တော့ ပြောထားလိုက်တယ်လေ၊ ခုခေတ်မိန်းကလေးတွေဆွဲတဲ့ ယိုးဒယားရွှေဘတ်ကြိုးဆိုတာလေ နှစ်ကျပ်သားတစ်ကုံးပို့ရမယ်လို့ သားတွေမွေးထားပြီး အဲဒီလိုမှ မနိုင်ရင် ဘယ်ဖြစ်မလဲ ...”

“ဟုတ်ကဲ့ ဒါနဲ့ ဒေါ်ဂျိုးဥ ဆာရောပေါ့၊ ထမင်းစားစို့လား ...”

“အို ... မဆာသေးပါဘူး ဖြည်းဖြည်းပဲ စားမယ်။ ညစာကျရင် ကျွန်မအတွက် ထည့်မချက်နဲ့တော့နော်၊ မသန်းငွေးဆီ သွားစားရမှာ၊ မသန်းငွေးကလည်း မင်းကွန်းကျောင်းတိုက်မှာ သွားသွား ဥပုသ်စောင့်တယ်ထင်တယ် ...”

“ဟုတ်ကဲ့ ...”

“နေပါဦး၊ သူကရော စွန်းလွန်းလမ်းစဉ်လား၊ မိုးကုတ် ဝိပဿနာလား၊ သဲအင်းဂူလား၊ မဟာစည်လား၊ မိုးညှင်းလား ...”

“ကျွန်မလည်း သေသေချာချာ မမေးမိပါဘူး၊ ကျွန်မမှာ အိမ်တာဝန်ကြောင့် ဝါးခယ်မရိပ်သာမှာ တရားထိုင်ပြီးကတည်းက တစ်ခါမှ ရိပ်သာနား မကပ်ခဲ့ရဘူး၊ သူတို့တစ်တွေ ဗာဟီရနဲ့ ရှုပ်နေတာပဲ၊ ဘယ်လမ်းစဉ်ရယ်လို့ မဟုတ်ပါဘူး။ နိဗ္ဗာန်ရောက်ကြောင်း တရားဆိုတာ ဝိပဿနာပါပဲ၊ နောက်ဆုံးတော့လည်း ဒီဝိပဿနာတရားကို

mgyoe.com

mgyoe.com


အားထုတ်ရင် တစ်မင်္ဂတစ်ဖိုလ် ဆိုတာကတော့ ရောက်စမြဲပေါ့၊ နောက်ဆုံး နိဗ္ဗာန်မှာ နိဂုံးချုပ်ပဲ၊ ကျွန်မ မာလေးတို့ကို ထမင်းကျွေးဦးမယ်..."

ဒေါ်ငြိမ်းမယ်သည် စကားစဖြတ်ကာ ကလေးများကို ထမင်းကျွေးဖို့ မီးဖိုချောင်သို့ ဝင်သွားတော့သည်။

ကိုသန်းချိန်တို့ ပြန်လာမှ နံနက်စာကို ဒေါ်ဂျိုးဥက သူ့သားနှင့်အတူ စားတော့သည်။

❂

mgyoe.com

mgyoe.com

# [၃]

"မနက်ကလေ ကျွန်မကိုယ်တိုင် ဈေးသွားတယ်၊ မဂျိုးဥတို့ အညာမှာ ရှားတာတွေ စားစေချင်လို့ ..."

ညနေစာစားပွဲတွင် ဒေါ်သန်းငွေးသည် သူ့ ဒေါ်ဂျိုးဥအပေါ်တွင် အထူးလေးစားစွာနှင့် ချက်ပြုတ်ကျွေးကြောင်းကို ပြောပြနေ၏။

"ဟောဒါက ငါးမြင်းဗိုက်သား ဆူလိုက်တာ ဝင်းနေတာပဲ၊ ပုစွန် တုပ်ကြီးကလည်း ဒီနေ့စိမ်းလို့ လတ်လတ် ဆတ်ဆတ်ရတာနဲ့ ဝယ်လာပြီး ဆီပြန်ချက်ထားတယ်။ ခါတိုင်းဆိုရင် ရေခဲစိမ်စားရတာ အအီပြေအောင် ငါးဖယ်ခြစ်သုပ်နဲ့ စားစမ်းပါ ဒေါ်ဂျိုးဥရဲ့။ "မော်လီ ကြီးကြီးဂျိုးရဲ့ ကြာဆန်ဟင်းခါးပန်းကန်ထဲကို ငရုတ်ကောင်းခပ်ပေး လိုက်ဦးလေ ..."

မော်လီသည် ဒေါ်ဂျိုးဥဘေးက သီးသန့်ဟင်းချိုပန်းကန်ငယ် ထဲသို့ ငရုတ်ကောင်းခတ်လိုက်၏။ ဒေါ်သန်းငွေး ထည့်ပေးသော ဟင်းများကို စားရင်း ဟင်းများတွင် အဆီတဝင်းဝင်း ဆီဒါလောက် သုံးသည်ကို ဒေါ်ဂျိုးသည် အံ့သြနေ၏။

"မသန်းငွေးရယ် ကျွန်မဘာသာ ယူစားပါ့မယ်။ ဟဲ ... ဟဲ ... ဟင်းတွေက ကောင်းလွန်းတော့ ဘယ်ဟာစားရမယ် မှန်းတောင် မသိ

mgyoe.com

mgyoe.com


ဘူး။ ဒါနဲ့ ... ဒါနဲ့ ဆိဈေးက ဒီမှာ တစ်ရာကျော်ဆို ..."

အမှန်တော့ သူတို့ အညာတွင် ဆိဈေး ဒါလောက် မရှိဘူး။ အထူးသဖြင့် ဒေါ်ဂျိုးဥတွင် ပို၍ပြေလည်နေသည်က သူ့ယာမှ ပဲနှင့် နှမ်းထွက်နေသည်ဖြစ်၍ ဆီကို နှစ်လုံးပေါက်ရာဝင်အိုးတွင် လှောင်စားသူ ဖြစ်သည်။ သို့သော် သူသည် ဆီပြန်ဟင်းကို တစ်ပတ်မှ တစ်ခါလောက်သာ စားခဲ့၏။

"ဟုတ်ကဲ့၊ အို ... တစ်ခါတလေလာလို့ ကျွန်မတို့မှာ ဧည့်သည်ကို အမြတ်တနိုး ကျွေးရတာ မြိန်မြိန်သာစားစမ်းပါ။ ရန်ကုန် ကုန်ဈေးတွေကိုတော့ မေးမနေပါနဲ့၊ အခုဆီဈေး ကျသွားပါပြီ ..."

ဒေါ်သန်းငွေက ငါးဖယ်သုပ်ကို ဒေါ်ဂျိုးဥ ပန်းကန်ထဲထည့်ရင်း ပြောလိုက်၏။

"ဟင်းခါးလေးက ချိုလိုက်တာ၊ ငါးဖယ်သုပ်နဲ့ သိပ်လိုက်တာပဲ..."

မော်လီကို မော်ကြည့်ရင်း ဒေါ်ဂျိုးဥက ပြုံး၍ပြော၏။

"မော်လီ ယောကျ်ားရော ..."

"ကိုကိုကလေ သူ့အမူသည်တွေနဲ့ တွေ့စရာရှိရင် အေးအေးဆေးဆေး တစ်နေရာရာမှာ တွေ့ပြီး စကားပြောတတ်တယ်။ ဒီနေ့လည်း အမူအတွက် အိမ်ပြန်နောက်ကျမယ် ကြီးကြီးဂျိုး" မော်လီသည် အိမ်မှာ နေရင်းပင် ကြော့ကြော့မော့မော့ ဝတ်ထား၏။

ဒေါ်ဂျိုးဥသည် ဝတ်စားပုံ ခေတ်ဆန်တာ တစ်ခုသာ သဘောမကျသော်လည်း မော်လီ၏ စိန်ဆွဲကြိုး၊ စိန်ကြယ်သီးနှင့် နားပေါ်တွင် ယိုးဒယား ပန်းခက်များ နွယ်ယှက်နေဟန် စိန်သေးသေးလေးများနှင့် စီခြယ်ထားသော နောက်ဆုံးပေါ် နားကပ်ပုံစံများကို ထမင်းစားရင်း စားရင်း မျက်စိ ရောက်သွား၏။

mgyoe.com

mgyoe.com


"မော်လီကလေ တစ်ခါလာတာနဲ့ တစ်ခါမတူဘူး၊ လှပြီး ကြော့နေတာပဲ၊ စိန်လေးတွေကလည်း အသားကောင်းလိုက်တာနော်၊ ခဲသားဆိုတော့ မီးရောင်မှာ ဝင်းနေတာပဲ ..."

သူ့ရင်ထဲမှာ မအောင့်နိုင်တော့ပေ။ စိန်များကို ဖွင့်၍ ချီးကျူးလိုက်၏။

"အိမ်က မရွှေစိန်တို့တော့ နာမည်ကသာ မြမြစိန်တဲ့၊ သူ့မှာ စိန်တစ်လုံးမှလည်း မတွေ့ရဘူး၊ မြတစ်လုံးမှ မရှိဘူး၊ တစ်ခါလာ မဲပြာ ပုဆိုး၊ နားမှာလည်း ပုလဲဖြူကြီး ငုတ်တုပ်တစ်လုံးပဲ၊ စက္ကူတွေကတော့ လင်မယား နှစ်ယောက်လုံး စုပါရဲ့၊ တစ်အိမ်လုံး စက္ကူချည်းပဲ..."

"ကြီးကြီးဂျိုး ကြယ်သီးက စိန်တွေကမှ တကယ့် ရှေးစိန်ကြီးတွေ၊ အလုံးလည်းကြီး ခဲသားအပါးအဝိုင်း၊ ကိုယ့်ချွေးမလေးပဲ၊ ဝတ်စေချင်ရင် ကြီးကြီးဂျိုးက တစ်ဆင်စာမဟုတ်တောင် နားကပ်တစ်ရံလုပ်ပေးလိုက်ပေါ့၊ ဟဲဟဲ ... ဟဲဟဲ ..."

မော်လီသည် ရယ်ကာမောကာ ပြောလိုက်၏။

"လုပ်ပေးနိုင်ပေါင်၊ လင်မယားနှစ်ယောက် ဝင်ငွေနဲ့ စိန်နားကပ်တစ်ရံတော့ စုမိအောင်စုမှပေါ့၊ မော်လီတို့မှာ ကားတောင်ရှိလာပြီ ..."

ဒေါ်ဂျိုးဥသည် ပြုံးပြုံးနှင့်ပင် ငေါ့တော့တော့ ပြောလိုက်၏။

"ကြီးကြီးဂျိုးကလည်း မော်လီက စီးပွားရေးသမား သက်သက်၊ ဘီကွမ်းအောင်တော့ အာရ်–အေခေါ်တဲ့ စာရင်းကိုင် သင်တန်းတက်တယ်၊ လိုင်စင်ခေတ်က သူငယ်ချင်းတွေနဲ့ အစုစပ်ကုမ္ပဏီထောင်၊ လိုင်စင်လည်း လုပ်တယ်၊ စာရင်းကိုင်လည်း လုပ်တယ်၊ ဒီတော့ ငွေကလက်ဖျား သီးနေတာပေါ့၊ မြမြစိန်တို့ လင်မယားနှစ်ယောက်စလုံး လုပ်တဲ့အလုပ်က ချမ်းသာကောင်းတဲ့ အလုပ်မှမဟုတ်ဘဲ ..."

mgyoe.com

mgyoe.com


"ချမ်းသာကောင်းတဲ့ အလုပ်မဟုတ်ဘူး ..."

ဒေါ်ဂျိုးဥသည် စကားလုံး ထပ်တူလိုက်၍ ရွတ်လိုက်၏။

"ဟုတ်ကဲ့ ... ဆရာမ အလုပ်ဆိုတာ ကိုယ်ကပညာရှာပြီး ကိုယ့်ရင်ထဲရှိတဲ့ပညာကို တပည့်တွေကို သွန်ချပေးရတာ၊ ငွေရှာချင်တာနဲ့ တစ်ပြိုင်နက် ဆရာကို မဟုတ်တော့ဘူး၊ စာရေးဆရာ ဆိုတာရော ဘာထူးလည်း၊ ဒါကြောင့် မော်လီတော့ သူတို့လို ရတာနဲ့ မတင်းတိမ်နိုင်ဘူး၊ ပြောင်ပြောင်ရှင်းရှင်းပဲ၊ ငွေကို ရှာတယ်၊ သုံးတယ်၊ ဇိမ်နဲ့နေတယ် ..."

မော်လီသည် သူ့ဟန်ပန်အတိုင်း ခပ်ကြော့ကြော့ ခပ်မော့မော့ ပင်ပြောလိုက်၏။

"ဒီလိုပါ မဂျိုးဥရယ်၊ တစ်ခုကလည်း မော်လီက ကလေးမရှိဘူး၊ မြမြစိန်မှာတော့ ကလေးကလည်း ခြောက်ယောက်၊ ရန်ကုန်ရဲ့ ကလေးတွေ စရိတ်ကလည်းမနည်းဘူး။ ဒါတောင်မှ ငြိမ်းဟာ သူ့ရွှေဒင်္ဂါးလေးတွေကို ဖဲ့ဖဲ့ရောင်းပြီး မောင်သန်းချိန်တို့ အိမ်စရိတ်ထဲ ထည့်ရှာပါတယ်။ မော်လီ ပြောသလိုပဲ သူတို့ဝင်ငွေကလည်း ပုံမှန်ဝင်ငွေတွေလား၊ မော်လီတို့ ခင်မောင်ရင်တို့ ဝင်ငွေကသာ ရရင်တစ်လုံးတည်းတစ်ခဲတည်းကို၊ လိုင်စင်ခေတ်က ခင်မောင်ရင် ဝတ်လုံလိုက်ရတာကလည်း တချို့အမှုဆို ထောင်နဲ့သောင်းနဲ့ ချီပြီးရတာ ..."

ဒေါ်သန်းဌေးသည် သူ့သူငယ်ချင်းဖြစ်သူ 'ငြိမ်း' သည်လည်း အလကား ထိုင်စားနေသူ မဟုတ်ပါ၊ တစ်ဖက်တစ်လမ်းအားဖြင့် ကိုသန်းချိန်၏ အိမ်ထောင်စုတွင် လူအားရော ငွေအားရော ကူသည်ကို ပေါ်ထင်စေချင်သည်။ သူသည် တခြားစကားလုံးများကိုပါ လှပစွာရော၍ ပြောလိုက်၏။ ဒေါ်ဂျိုးဥကတော့ အနည်းငယ် ခံပြင်းသွား၏။ သက်ကြီးပိုင်းတို့ ထုံးစံအတိုင်း ဒေါ်ငြိမ်းမယ်ကို သက်သက် လာစားနေ

mgyoe.com

mgyoe.com


တာဟူ၍ ခနဲ့ချင်သည်။ သူ့သား ယခုလို နေရသည်ကလည်း ဒေါ်ငြိမ်း မယ် ဦးစီးပုံ မဟန်၍ဟူ၍ ပုံချလိုသည်။ သို့သော် ဒေါ်သန်းငွေက 'ငြိမ်း' သည် ရွှေဒင်္ဂါးများကို ရောင်းချ၍ သူ့သမီးနှင့် သားမက်ထံတွင် နေသည်ကို ဖော်ထုတ်လိုက်သောအခါ သူပစ်ရန် ချိန်ထားသော မြှားတံကို ဖြုတ်လိုက်ဖို့ လက်တွန့်သွား၏။

"အိုလေ ... မော်လီပြောသလိုသာ လုပ်လိုက်ပါ၊ ကားတစ်စီးဆိုလည်း ကြီးကြီးဂျိုး အနေနဲ့ ဝယ်ပေးနိုင်သားပဲ၊ ဝယ်ပေးပေါ့၊ ဟဲ... ဟဲ ... ဟဲ ..."

မော်လီက ဆက်ပြောပြန်သည်။ ဒေါ်ဂျိုးဥသည် ဒေါ်သန်းငွေ ထပ်၍ ထည့်ပေးသော ထမင်းကို လက်ကာလိုက်၏။

"တော်ပါပြီ မသန့်းငွေရယ်၊ ဟင်းခါးက သိပ်အဆင်ပြေတာပဲ..."

"စကားလည်းပြော စားလည်းစားပေါ့၊ ငါးဖယ်သုပ်နဲ့ ဟင်းခါးနဲ့ သတ်သတ်သောက်ပေါ့၊ သိပ်လိုက်တာပဲ၊ ကျွန်မ သမီးမော်လီက တော့ အမြဲစကားများတာပဲ၊ ထမင်းစားတိုင်း သူ့စကားသံချည်းပဲ..."

ဒေါ်သန်းငွေသည် မော်လီကို ဘရိတ်အုပ်လိုက်သည်။

"စားပါတယ်၊ တစ်နေ့က ဗိုလ်ချုပ်ဈေး ရောက်သွားတော့ ဟင်းခါး ဝင်သောက်ကြတာ ငါးဖယ်ကြော်ပါရင် တစ်ခွက်တစ်ကျပ်တဲ့၊ ဟင်းခါးချည်းသက်သက်ဆို ငါးမူးတဲ့ မသန့်းငွေရယ် ..."

ဒေါ်ဂျိုးဥသည် ထမင်းကို လက်စသတ်လိုက်ရင်း ပြောလိုက်၏။

"မော်လီ လက်ဖက်နဲ့ ရေနွေးကြမ်းချစမ်း၊ ပုစွန်ခြောက်ကလေး လက်ဖက်စား ရွှေပုစွန်ခြောက်၊ ငါးရံ့ခြောက်ကလည်း ဆားပေါ့လေး၊ ဝါးခယ်မက မှာယူတာ၊ ဒေါ်ဂျိုးဥ ပြန်ရင်လည်း လက်ဆောင် ပေး

mgyoe.com

mgyoe.com


လိုက်ရဦးမယ် ..."

လက်ဖက်ဝိုင်းတွင်မူ ဒေါ်ဂျိုးဥသည် ထွေထွေရာရာစကား မဆိုတော့ပေ။ ရွှေစက်တော် ဘုရားပွဲစချိန် တပို့တွဲလဆန်း ရောက်လျှင်သာ ဘုရားဖူးလာကြဖို့ မင်းဘူးရှိ သူ့အိမ်တွင် တည်းခိုဖို့ သွားဖို့ သူစီစဉ်ပေးမည့် အကြောင်း ဒေါ်ဂျိုးဥက ပြန်လည်ဖိတ်ခေါ်လိုက်၏။

ညစာစားပွဲပြီး၍ ဒေါ်ဂျိုးဥ ပြန်သွားမှပင် ဒေါ်သန်းဌေးသည် မော်လီကို ကြိမ်းလိုက်၏။

"သမီးကတော့လေ၊ ငါ့သမီးတစ်ယောက်ဆို ဆိုသလောက်ပဲ၊ ဒေါ်ဂျိုးဥကြီးအကြောင်း သိတန်သလောက် သိထားရက်နဲ့၊ တကတည်း သူ့ ထမင်းတစ်ခါ စားရပါတယ်၊ ထမင်းမှ မျိုကျရဲ့လား မသိဘူးဟဲ့၊ ဒီစိန်တွေကိုပဲ ထိထိပြီး ပြောနေတာပဲ ..."

မော်လီသည် လက်ခုပ် လက်ဝါးတီးကာ ရယ်လိုက်၏။ ပြီးမှ ငြိမ်သက်သွားရင်း ...

"မော်လီ ပြောတာ ရိုင်းသွားသလား မေမေ" ဟုမေးလိုက်၏။

"ရိုင်းတော့ မရိုင်းပါဘူး၊ သူကစိန်မက်တဲ့ သူဆိုတော့လည်း အိမ်ရှင်ဆိုတာ အလိုက်အထိုက် ဧည့်သည်ကို လိုက်ပြောလိုက်ပေါ့..."

"အောင်မယ် မေမေလည်း တူတူပဲ၊ မေမေ့ သူငယ်ချင်း ကြီးကြီး ငြိမ်း ထိမှာစိုးလို့ ကာကွယ်လိုက်တာ ..."

"ဒါကတော့ သိစေချင်လို့ ပြောတာပါ သမီးရယ် ..."

"အောက်သူတွေ ရိုင်းတယ်လို့များ ထင်သွားမလား၊ နောက်မှပဲ တောင်းပန်ရဦးမယ်၊ မော်လီကတော့ တမင်ပြောတာပါ ..."

"တမင် ..."

"အဟုတ်ကို တမင်ပြောတာပါ မေမေ၊ သူ့ စိန်တွေ တစ်ထုပ်ထုပ် နဲ့ဟာ ဘာလုပ်ဖို့မှန်းလည်း မသိဘူး။ တော်ကြာ ဟိုကန်တော်ကြီး

mgyoe.com

mgyoe.com

စောင်းမှာ အသတ်ခံရတဲ့ သားအမိလို ဖြစ်နေမှာ စိန်ကြီးတွေမှ သတင်းစာထဲဖတ်ရတာနည်းပါဘူး၊ ဇီးဖြူသီးလောက်ဆိုတာ သမီးဖြင့် မြင်တောင် မြင်ဖူးပါဘူး ...”

“ဟဲ့ ... သူတို့ အညာမှာက တချို့ဒီလိုပဲ၊ ရွှေနဲ့ စိန်သာ အဓိကထား စုတတ်ကြတယ်၊ အဝတ်နဲ့ အစားကို သင့်ရုံပဲ သားသမီးကိုလည်း ပညာတော့ သင်ပေးကြပါရဲ့။ ဒါလည်း ကိုယ့်အကျင့်နဲ့ ကိုယ်ပါအညာသူ အညာသားတိုင်း မဟုတ်ပါဘူး ...”

“ကြီးကြီးဂျိုးကတော့ ပိုသဲပုံရပါတယ်၊ သမီးတို့ကျောင်းမှာကတည်းက မင်းဘူးကလာနေတဲ့ သူငယ်ချင်းတွေဆီက သတင်းကြားပြီးသား ကိုသန်းချိန်ကြီး အဆောင်မှာ လာလာပြီး မြမြစိန်ကို လာတွေ့တော့ သူငယ်ချင်းတွေက ဝိုင်းနောက်တယ်။ ကြီးကြီးဂျိုးက ‘သူကောင်းမျိုး’ ဆိုလား၊ ကိုသန်းချိန်တို့ အဖေက ရေနံတွင်းစား သူဌေးဆိုလား၊ သိပ်ချမ်းသာတာပဲတဲ့ မေမေရ၊ ဒါပေမဲ့ “မိစိန်စိန်ရေ ကိုသန်းချိန်ကို မချိန်လေနဲ့ စိန်ကိုရမှာ မဟုတ်ဘူး” ဆိုဆိုပြီးတော့ ဟိုကဗျာစပ်ဝါသနာပါတဲ့ မော်လီတို့ သူငယ်ချင်း ပိုက်ပိုက်က ခဏခဏနောက်တယ်၊ စိန်စိန်ကလည်း ဒီကတည်းက ပြန်ဖြေပါတယ်။ “ငါချစ်တာ ကိုသန်းချိန်ကိုဟော့” တဲ့၊ ဒီလို အဒေါ်ကြီးတွေ ရှိလည်း ရှိတတ်တယ်နော်၊ မော်လီတို့များ အဲဒီလောက် စိန်တွေရှိရင်လား၊ ကားကိုထဘီနဲ့ ဆင်တူထည်လဲဝယ်ပြီး ထယ်လဲစီးမယ်၊ ဘိုးဘိုးကြီးနဲ့ ဒေါ်ဂျိုးဥနဲ့ အတူထားဖို့ ကောင်းတယ် ...”

“ယုံပါတယ် မရွှေမော်ရယ် ယုံပါတယ်၊ တကယ်တော့ ငါ့သမီးဟာလေ မြမြစိန် ခြေဖျားတောင်မမီဘူး၊ မြမြစိန် နေပုံထိုင်ပုံ အတုခိုးဖို့ကောင်းတယ် ...”

“မခိုးနိုင်ဘူး မေမေရေ့၊ မခိုးနိုင်ဘူး၊ နဂိုကတည်းက သူငယ်

mgyoe.com

mgyoe.com


ချင်းတွေ ကျောင်းမှာ ကျောင်းထွက်ရင် ဘာလုပ်မလဲ တိုင်ပင်ကြတော့ "ငါကတော့ ငွေကိုသုံးချင်တယ် မက်တာ မဟုတ်ဘူး၊ ဒီတော့ ငွေရတဲ့လမ်းစဉ် ငွေရတဲ့အလုပ်ပဲ ကြည့်လုပ်မှာပဲ" လို့ သူငယ်ချင်းတွေကို ပြောင်ပဲ ပြောတာပဲ၊ အကျင့်ပျက်အောင် ငွေရှာမှာတော့ ဟုတ်ဘူး၊ တစ်ခုကလည်း မေမေရာ၊ မြမြစိန်က ပိုးစိုးပက်စက်သုံးနေရင်တော့ အပြစ်တင်စရာပေါ့၊ ကိုသန်းချိန်မှာဖြင့် စပယ်ရှယ်ဆိုလို့ နဂါးဆေးလိပ် အဝါပတ်တစ်ခုပဲ၊ သူထူးထူးထွေထွေ သောက်ပြီး စာရေးစာဖတ်နေတာပဲ၊ မော်လီတို့လိုများ အင္ဂလိပ်လိုင်းကြီး လိုင်းငယ်တွေ မြမြစိန် ဝတ်နေရင် ဒေါ်ဂျိုးဥကြီး လဲသေမလားမသိ ..."

မော်လီသည် ယခုလိုရှင်းရှင်း ပြောတော့လည်း ချစ်စရာကောင်းပေသား။ ဒေါ်သန်းဌေးကမူ သမီးလမ်းစဉ်ကို မကြိုက်သော်လည်း မတားခဲ့ပေ။

"တစ်ခုတော့ မေမေ အံ့သြတယ်၊ သမီးမှာ သမီးဖေဖေရဲ့ အဘိုးဘက်က စရိုက်ဓလေ့ တစ်စက်မှ ပါမလာတာ အံ့သြစရာကြီး ..."

"မအံ့သြနဲ့ မေမေ၊ ဘုရားသခင် ကျေးဇူးလို့မှတ်ပါ၊ တော်ပါတော့ ဖေဖေတို့ မောင်နှမနဲ့ ဖေဖေ့အဘိုး နေခဲ့ပုံတွေကို သမီးက ပုံပြင်လိုပဲ နားထောင်ချင်တယ်၊ 'ငါးနုသန်းလေးကောင် စိမ်ကိန်းကြီး' ဝါးခယ်မဌာနေက လူအိုလူဟောင်းကြီးတွေရဲ့ ဘာခေါ်မလဲ သက်ကြီးစကားလောက်ပဲ ထားလိုက်ပါတော့ သမီးကံက တစ်နေ့ ငါးနုသန်း နှစ်ကောင်စားပြီး သေသွားရမယ့် ဇာတာပါလာတာမှ မဟုတ်ဘဲ ..."

မော်လီသည် ခပ်ရွှင်ရွှင်ပင် ရယ်မောကာ သူ့စကားကို အဆုံးသတ်ရင်း ထမင်းစားပွဲကို ပုမနှင့်အတူ ကူညီသိမ်းရန် ထသွားတော့သည်။

မော်လီပြောသည်မှာ ဟုတ်တော့လည်း ဟုတ်ပေသား။ ဒေါ်သန်းဌေးသည် ခဏခဏပင် သူ့ယောက္ခမကြီး၏ ဖခင်ဦးဖန်ဖူး၏

mgyoe.com

mgyoe.com


'ငါးနုသန်း လေးကောင် စိမ်ကိန်း'ကို မော်လီကို ပြောပြတတ်၍ မော်လီမှာ ပုံပြင်သဖွယ် ဖြစ်နေပေပြီ။

စစ်မဖြစ်ခင်က အဖြစ်တွေကို ပြန်ပြောပြရခြင်းမှာလည်း လက်ရှိခေတ်လူငယ်တွေအတွက် ပုံပြင်သဖွယ် ဖြစ်နေသည်မှာလည်း အံ့သြစရာ မဟုတ်ပေ။ ထို့အတူ စစ်မဖြစ်ခင်က ကွယ်လွန်သွားသော ဒေါ်သန်းဌေး၊ ဒေါ်ငြိမ်းမယ်တို့၏ ဘိုးဘွားများကို အသက်သွင်း၍ လက်ရှိခေတ်ကို ပြလိုက်လျှင်လည်း သူတို့သည်ရင်ကို မ,ကာ'သဲကန္တာရအတွင်းရှိ မိသားစုထံ သွားရောက်လည်ပတ်မိ ကြလေသလား' ထင်ကောင်းထင်ကြပေလိမ့်မည်။

မော်လီကတော့ မိခင်ထံမှကြားရသော သူ့အဖေ၏ အဘိုးအကြောင်းကို ဒန္တာရီဟူ၍ သူငယ်ချင်းများကို ပြောပြ၏။

ဒန္တာရီလို့ ဆိုရင် မော်လီ စိတ်ထဲမှာ သက်သာတယ်ကွယ့်၊ တကယ်တော့ မေမေ ပြောပြတဲ့အခါ အိပ်ရာထဲ ဝင်ခါနီးပြောတဲ့ ပုံတောင် သနားစရာ အကြောင်းရောက်ရင် ကိုယ်တို့ကလေးဘဝက ဝမ်းနည်းကြသေးတာပဲ၊ ဘိုးဘိုးကြီးတို့ အကြောင်းကတော့ ပုံပြင်ဆန်ဆန် သာနားထောင်လိုက်ရတယ်၊ စိတ်ထဲကတော့ သူတို့ဟာလူ့ဘဝမှာ တကယ် နေပြီးတကယ် ဒီလို စားသောက် သွားကြရပါလားလို့ တွေး လိုက်မိရင် သနားသလိုလည်း ဖြစ်ပါရဲ့၊ ရင်ထဲမှာလည်းနင့်တင့်တင့် ကြီး၊ ဒီတော့ ပုံလိုပဲ သဘောထားပြီး မေ့ပစ်တယ် ..."

သူငယ်ချင်းများ ကျောင်းဆောင်တွင် အပျင်းပြေ ဝိုင်းဖွဲ့၍ သူ့အကြောင်း ကိုယ့်အကြောင်းရော၊ ရည်းစားအကြောင်း၊ မိမိတို့ ဌာနေအကြောင်းများကို စပ်မိစပ်ရာ ပြောမိကြလျှင် မော်လီက သူ၏ ဘိုးဘိုးကြီးအကြောင်းကို ဤသို့ပင် ပြော၏။

မှန်၏။ မော်လီ၏ ဘိုးဘိုးကြီးမှာ ဦးဖန်ဖူး ဖြစ်သည်။ ဦးဖန်ဖူး

mgyoe.com

mgyoe.com


ကွယ်လွန်စဉ်က ဝါးခယ်မတွင် တိုက်ကြီးတစ်လုံးနှင့် အိမ်ငါးလုံး ရန်ကုန်မြို့လယ်တွင် သုံးထပ်တိုက်သုံးလုံး ကျန်ရစ်ခဲ့သည်ဆိုသည်။ ငွေသားကမူ ရှေးငွေတစ်သိန်းကျော် ကျန်ရစ်ခဲ့သည်။ (ရွှေဒင်္ဂါးတစ်ပြား ၁၅ ကျပ် တန်ဖိုးနှင့် တွက်ကြည့်လျှင် ရှေးငွေတစ်သိန်း၏ ငွေတန်ဖိုးကို မှန်းဆနိုင်သည်။)

သို့သော် ဦးဖန်ဖူးသည် သူအချစ်ဆုံးမြေး (မော်လီ၏ အဖေ) နှင့်အတူ ထမင်းစားသည်။ သူ့ဇနီးသည်က ဈေးဝယ်လျှင် ငါးနုသန်းသို့မဟုတ် ငါးရံ့ပနော် အစရှိသော ငါးလေးကောင် ဝယ်ရသည်။ ထိုငါးဆီပြန် လေးကောင်ကို မနက်နှစ်ကောင် ညနေနှစ်ကောင်၊ မြေးအဖိုးနှစ်ယောက် စားသည်။ ကျန်အိမ်သားများသည် ငါးပိရည် ကောင်းကောင်း ထောင်း၊ ဟင်းချိုတစ်ခွက်နှင့် ပဲသီး ကန်စွန်းရွက် ခပ်ပေါပေါ အသီးအရွက်များကို တစ်အိမ်လုံး စားလောက်အောင် ကြော်စားရသည်။ ဘိုးဘိုးကြီးမှာ တစ်ဦးတည်းသောသမီး ဒေါ်ရင် တစ်ယောက်သာ မွေးခဲ့သည်။ ထို ဒေါ်ရင်မှ မော်လီ၏ အဖေကို မွေးခဲ့သည်။

သို့သော် ဘာဖြစ်ကြမှန်းမသိ။ ဘိုးဘိုးကြီး ဦးဖန်ဖူး ကွယ်လွန်သောအခါ ဦးဖန်ဖူး၏တူ မွေးစားသားများ၊ ဆွေမျိုးများနှင့် သမီးအရင်း ဒေါ်ရင် အမှုဖြစ်လိုက်ကြသည်မှာ ဆွေစဉ်မျိုးဆက် မဆုံးတော့ပေ။

မော်လီ လက်ထက်တွင် သူ့ဘိုးဘိုးကြီး၏ ငယ်ငယ်က ရွှေထီးဆောင်းခဲ့သော ခေတ်ကို ပုံပြင်လိုသာ ကြားဖူးသည်။ မော်လီသည် ခပ်ရွှတ်ရွှတ်လည်း ပြောတတ်၏။ "တို့ ဘိုးဘိုးကြီး ဆောင်းခဲ့တာ ရွှေရောင်ပြားစက္ကူနဲ့ လုပ်တဲ့ ထီးစုတ်ကြီး ထင်ပါ့ကွာ" ဟု ပြောတတ်၏။ ဒေါ်သန်းဌေးနှင့် လက်ထပ်သောအခါ မော်လီ အဖေ ဦးရွှေသွင်တွင်တိုက်တစ်လုံးမှလွဲ၍ ဘာမျှပါမလာပေ။ ဒေါ်သန်းဌေး ကလည်း

mgyoe.com

mgyoe.com

ဒေါ်ငြိမ်းမယ် သာသာပင်တည်း။ ဦးဖန်ဖူး ချမ်းသာပုံများကို ဇဝ်–ဤသို့၊ သုတံ–ကြားလိုက်ရ၏။ ဆိုသည်ကလွဲ၍ သူတို့အမွေ ကိစ္စများတွင် သူ့ခင်ပွန်းသည် မပါအောင် ဆွဲထုတ်ခဲ့သည်။

"ခုခေတ် စာရေးဆရာတွေ ရေးတော့ လယ်သမားများ ဆင်းရဲလွန်းလို့ ငါးပိရည်၊ တို့စရာနဲ့၊ ဆူးပုတ် ကင်းပုံ ဟင်းချိုကို လယ်ငါးလေးတွေနဲ့ ဟင်းချက်စားတယ်ဆိုတော့ သနားစရာလေးလိုပဲ၊ ငါတို့ ဘိုးဘိုးကြီးတို့ကတော့ သူတို့ ဝင္ငရှိလို့ ကိုယ့်ဝင္ငကိုယ်ခံကြရတာ ပါပဲကွာ..."

မော်လီသည် ဤသို့ပင်သူ့ စကားကို လက်စသတ်တတ်၏။

ထို့ကြောင့်ပင် ဘိုးဘိုးကြီး ဦးဖန်ဖူးတို့၏ စရိုက်ဓလေ့ နည်းနည်းမှ သူ့ သမီးမော်လီတွင် မပါသည်ကို ဒေါ်သန်းဌွေးက တအံ့တသြပြောတတ်ခြင်း ဖြစ်ပေသည်။

*

ဒေါ်ဂျိုးဥမှာ ဒေါ်သန်းဌွေး အိမ်က ညစာစားပြီး အပြန်မှ သားဖြစ်သူ ကိုသန်းချိန်နှင့် ဝရန်တာတွင် အေးအေးဆေးဆေး စကားပြောရတော့သည်။

မြမြစိန်ကတော့ သားအမိနှစ်ယောက် တီးတိုးဆွေးနွေးနေ၍ ဝရန်တာသို့ ထွက်မထိုင်သော်လည်း ဧည့်ခန်းတွင် သူ့အမေ ဒေါ်ငြိမ်းမယ်နှင့် ထိုင်နေသည်။

"မေမေ နားထောင်စမ်း၊ ကိုကိုနဲ့ မေမေကြီး ပြောပြောနေတဲ့ စကားလုံးတွေထဲမှာ စိန်စိန်ဆိုတဲ့ စကားလုံးတွေ ခဏခဏပါတယ် မေမေ ..."

မြမြစိန်သည် အနားမှ ထိုင်နေသူ သူ့မိခင် ဒေါ်ငြိမ်းမယ်ကို တိုးတိုးလေး ပြောလိုက်၏။ မေမေသာ အနားမှာမရှိခဲ့လျှင် သူသည်

mgyoe.com

mgyoe.com


သူ့ယောက္ခမ ဒေါ်ဂျိုးဥနှင့် လင်တော်မောင် ကိုသန်းချိန်တို့ စကားပြော နေသော ဝရန်တာအနီး ပုဏ္ဏားကွယ်တွင် သွားရောက် ထိုင်နေမည် ဖြစ်သည်။ ကိုသန်းချိန်တို့ သားအမိ နှစ်ယောက်သည် ပြင်ဘက် ဝရန်တာတွင်ထိုင်ကာ တီးတိုးစွာနှင့် တစ်စုံတစ်ရာကို တိုင်ပင်နေကြ ဟန် ရှိသည်။ အမြဲလိုလို အော်ကျယ်အော်ကျယ် ပြောနေကျ ဒေါ်ဂျိုးဥ မှာ ယခုအခါ အင်မတန် လျှို့ဝှက်သိပ်သည်းစွာ ပြောရမည့် အကြောင်း ဖြစ်၍သာ တီးတိုးပြောနေခြင်းဖြစ်၏။ သို့သော် သူသည် တစ်ခါတစ်ရံ မထိန်းနိုင် မသိမ်းနိုင် ဖြစ်သွား၍လားမသိ၊ လေသံမှာ တစ်ချီတစ်ချီ ကျယ်၍ မြမြစိန်တို့ သားအမိ ထိုင်နေသော ဧည့်ခန်းဆီသို့ လွင့်လာ ၏။ မြမြစိန် ပြောသလိုပင် လွင့်ပျံလာသော စကားလုံးများတွင် စိန်စိန် ဟူသော စကားလုံးများ ခပ်များများ ပါလာသည်ကို ဒေါ်ငြိမ်းမယ် လည်း သတိပြုမိ၏။

သမီး၏အမူအရာကို ကြည့်ရုံနှင့်သိသော ဒေါ်ငြိမ်းမယ်မှာ သမီး ဖြစ်သူကို ကြာကြာထိန်းထားနိုင်ဖို့ မလွယ်သည်ကို သူသိသည်။ သူ့ သမီးသည် စိတ်မြန် လက်မြန် ပွင့်ပွင့်လင်းလင်း၊ စကားပြောလျှင် ယောက္ခမ ဒေါ်ဂျိုးဥနှင့် အပြိုင်ဖြစ်သည်ကိုလည်း သူသိပြီး ဖြစ်သည်။

ယခုအချိန်မှာ ကလေးများ အားလုံးအိပ်၍ လမ်းပေါ်ဆော့နေ သော ကလေးများလည်း အိမ်ထဲဝင် အိပ်ကျချိန် ဖြစ်သည်။ ထို့ကြောင့် ဒေါ်ဂျိုးဥတို့ သားအမိ စကားပြောသံမှာ တိုးတိုးလေးပင် ဖြစ်သော် လည်း တစ်ချီတစ်ချီ တိတ်ဆိတ်သော ပတ်ဝန်းကျင်ကြောင့် ကျယ်၍ ကျယ်၍ ထွက်လာခြင်း ဖြစ်သည်။

ဒေါ်ငြိမ်းမယ်သည် မြမြစိန်ကို လက်ကုတ်ခေါ်ကာ မီးဖိုထဲသို့ ခေါ်သွား၏။ မီးဖိုတံခါးကို အသာပိတ်၍ ဂျက်ထိုးလိုက်သည်။ ပြီးတော့မှ သူသည် ဖင်ထိုင်ခုံတစ်ခု ဆွဲထိုင်ရင်း သမီးဖြစ်သူကိုလည်း

mgyoe.com

mgyoe.com


ရှေ့တွင် ထိုင်ခိုင်းလိုက်၏။

"နေပါဦး သမီးရယ်၊ စိန်စိန်ဆိုတဲ့ စကားလုံးတွေ ပါတော့ကော ဘာဖြစ်သလဲ ..."

မြမြစိန်သည် မကျေနပ်ဖြစ်နေသော သူ့ရင်တွင်း အခံဝေဒနာမှာ မျှင်နှာပေါ်တွင် ပွင့်ပွင့်လင်းလင်း အထင်းသားပေါ်လာ၏။

"သမီးအကြောင်း သူ ကိုကို့ ကိုအတင်းပြောနေမှာပေါ့ မေမေရ၊ သမီးနာမည်က မြမြစိန်မို့လား၊ သူက သမီးကို ခေါ်ရင် စိန်စိန်လို့ပဲ ခေါ်နေတာပဲဟာ ..."

"ငါ့သမီးနှယ် ... ခက်လိုက်တာ၊ တခြားအကြောင်းလည်း ဖြစ်ချင်ဖြစ်နေမှာပေါ့၊ အဲဒီလို သင်္ကာမကင်းစိတ် မရှိရဘူးလေ၊ သူတို့မှာလည်း သူတို့သားအမိနှစ်ယောက်တည်း တီးတိုးတိုင်ပင်ရမယ့်အကြောင်း ရှိချင်ရှိမှာပေါ့ ..."

ဒေါ်ငြိမ်းမယ်က သမီးကို နှစ်သိမ့်လိုက်၏။

"မေမေပဲ ခဏခဏ ပြောတယ်၊ စကားပြောရင်သာ ညင်ညင်သာသာ ပြောရမယ်၊ တစ်အိမ်တည်းသားချင်းဟာ အတင်းပြောသလို တီးတိုး တီးတိုးနဲ့ ကျိတ်ကျိတ် ကျိတ်ကျိတ် မပြောရဘူးဆို၊ ဝေသာလီပြည် ပျက်တာဟာ တီးတိုးတွေများလို့ ဆို ..."

"အဲဒါက ဟုတ်တာပေါ့၊ ခုကိစ္စက ဘာကိစ္စမှန်းမှမသိ၊ မဂျိုးဥ အရင်အခေါက်တွေ လာတုန်းက ကျယ်ကျယ်ကျယ်ကျယ်နဲ့ပဲ ပြောဆိုပြီးပြန်သွားတတ်တာ၊ ခုတစ်ခါ သူတို့မှာ အရေးတကြီး ကိစ္စရှိလို့ ဖြစ်မှာပဲ ..."

မြမြစိန်သည် ခေါင်းကုတ်လိုက်၏။ မကျေနပ်နိုင်သေး။ မိခင်ကို မလွန်ဆန်ချင်၍သာ အောင့်အည်းနေပုံရ၏။

"အဲဒီ ကိုကိုကလည်းလေ ... ကိုယ့်မိန်းမအကြောင်း ကိုယ်

mgyoe.com

mgyoe.com


သိသားနဲ့၊ သမီးဟာ ဘာမဆို ပွင့်ပွင့်လင်းလင်း သူ့ကို ဆက်ဆံခဲ့တယ်။ အခုဆိုရင် သူ့အမေဟာ ဘာကိစ္စ၊ ဘယ်လိုပြဿနာ ဖြစ်လာတယ် ဆိုတာ သမီးကိုသာ ဖွင့်ပြောခဲ့ရင် သမီးလည်း တစ်ဖက်တစ်လမ်းက ကူညီနိုင်တာပေါ့၊ ခုတော့ သမီးအတင်းတွေကို သူ့အမေကြီးက ပြောနေလို့သာ သူပါရောပြီး လျှို့ဝှက်နေတာ မေမေ ..."

"ကဲ ... ကဲ ... မေမေ တစ်ခု မေးမယ်၊ သမီး အတင်းကိုပဲ သူတို့ ပြောနေကြတယ်ထား၊ သူတို့ အတင်း ပြောလောက်အောင် သမီးကရော တိတ်တိတ်ပုန်း ကြိတ်လုပ်ထားတာတွေ ရှိလို့လား ..."

"သမီးခုချိန်ထိ ကိုယ့်ကိုယ်ကိုယ် ပြန်တွေးကြည့်တာဖြင့် ဘာမှ ယုတ်ယုတ်မာမာ အတင်းဖွဲ့ ပြောလောက်အောင် ကိစ္စမလုပ်ခဲ့မိသေးဘူး မေမေ ..."

မြမြစိန်သည် ခေါင်းခါခါ လည်ခါခါနှင့် ဖြေ၏။

"အဲဒီလိုဆို ပြီးတာပေါ့၊ ကိုယ်ကလုပ်ခဲ့မိရင်သာ ကိုယ့်လိပ်ပြာ ကိုယ်မလုံပြီး ငါ့အတင်းများ ပြောနေကြသလားလို့ ယိုးစွပ်ရမှာပေါ့ သမီး၊ မေမေတော့ ဘယ်သူမှ အထင်မလွဲပေါင်၊ ဘာဖြစ်လို့လဲ ဆိုတော့ မေမေကမှ ဘာမှမလုပ်ဘဲ ..."

"မေမေကလည်း ကမ္ဘာကြီးတစ်ခုလုံး သူ့လိုချည်း အောက်မေ့နေတာပဲ၊ သမီးတော့ မနေနိုင်ဘူး၊ မနက်ကျရင် ကိုကို့ကို ဖြောင်ဖွင့်မေးမယ် ဒါပဲ ..."

"ဟော ... သမီးဟာလေ ပြောလေကဲလေပဲ၊ ကြားထဲက ကိုယ့်လင်ကို ဦးနှောက်မခြောက်ပါစေနဲ့၊ တစ်နေ့ သိချိန်တန်လို့ အသိပေးချိန်တန်ရင် မောင်သန်းချိန်ဟာ သမီးကို အသိပေးမယ့် လူစားမျိုးပါ။ ကိုယ့်ယောကျ်ားဟာ ဘယ်လို လူစား၊ သူများပြောတိုင်းယုံ၊ တိုက်ပေးတိုင်းယုံလွယ်တဲ့ လူတစ်ယောက် မဟုတ်ဘူးဆိုတာ မေမေ

mgyoe.com

mgyoe.com


သိတာထက် သမီးပိုသိမှာပေါ့၊ အဲ– သူတို့ အသိပေးလာလို့ ပြဿနာ ဝင်ရှင်းပေးပါလို့ တောင်းဆိုလာတဲ့ တစ်နေ့ ကိုယ်ကဝင်ပြီး ကူလုပ်ပေး လိုက်ဖို့ပဲ ရှိတယ်။ ကာယကံရှင်တွေကမှ မတောင်းဆိုဘဲ ကိုယ်ကဝင် ပါရင် စပ်စုတယ်၊ ဝင်ရှုပ်တယ်ဆိုပြီး နောက်ဆုံးတရားခံ ပြန်ဖြစ် တတ်တယ်။ တို့များ ရှေးလူကြီးတွေ အဆိုရှိတယ်မို့လား၊ ကြားသုံးကြား မဝင်ရဘူးဆိုတာလေ ...”

မြမြစိန်သည် မိခင်ဖြစ်သူ စကားကို မဖြေ။ သူ့မေမေသည် သူ့တစ်ဖက်တည်းကိုသာ ဆန်ရင်းနာနာ ဖွင့်လွှန်းသည် ဟူသော အဓိပ္ပာယ်ကို ဟန်နှင့် ပြသလို ဟင်းခနဲ သက်ပြင်းချကာ ခေါင်းကို စုံကုတ်လိုက်၏။ ဒေါ်ငြိမ်းမယ်ကတော့ ခပ်တိုးတိုးပင် သူ၏ စကားစ ကို ပြန်ဆက်၍ ပြောမြဲပြောနေသည်။

“သားအမိကြား၊ လင်မယားကြား၊ ဆွေမျိုးကြားထဲ ဝင်မပါရ ဘူး။ အဲဒီကြားတွေထဲ ကိုယ်ကဝင်ပါမိရော ဒေါသတွေဖြစ်နေကြဆဲ မာန်တွေ တက်နေကြဆဲတော့ အရပ်ကူပါ လူထပ်ပါနဲ့ ပရိသတ်က အပှုတ်မှတ်လို့ ဝင်ကူရော သူတို့အချင်းချင်း အဆင်ပြေသွားကြတဲ့ တစ်နေ့လည်း ရောက်ရော ဆားလူတွေက ဝင်တိုက်ကြတာပါနဲ့ ကူမိတဲ့ လူတောင် တရားခံဖြစ်သေး ...”

“မေမေကလည်း မေမေ့ သားမက်လိုပဲ လူများကိုချည်း တရား ဟောပါ၊ ခုကိစ္စက သမီးနဲ့ ကိုကိုနဲ့ကရော လင်မယား မဟုတ်ဘူးလား၊ ဒီဒေါ်ဂျိုးဥက သမီးနဲ့ကိုကို လင်မယားကြား ဝင်ရှုပ်တာကော မဖြစ်နိုင် ဘူးလား ...”

“မိစိန်စိန် တော်တော့၊ မေမေ စိတ်ထွက်လာပြီနော်၊ သမီး ဆရာမ တစ်ယောက် လုပ်နေပြီး ဒါလောက် နားမဝေးစမ်းနဲ့၊ ခုကိစ္စက ဘာမှန်း ကို မသိသေးပါဘူးဆိုနေ၊ ကိစ္စတစ်ခုကို ပြီးအောင်ဆုံးအောင်လေ့လာ

mgyoe.com

mgyoe.com


ညည်းစိတ်ကူးနဲ့ညည်း 'ငါ့အကြောင်းများ ပြောကြလေမလား' လို့ ညည်းဘာသာတစ်ဖက်သတ် ဒေါပွနေတာမို့လား၊ ကိုယ့်ကိုယ်ကိုယ် မညာပဲ စဉ်းစားကြည့်စမ်း ..."

ဒေါ်ငြိမ်းမယ် အသံမာ၍ ခပ်ငေါက်ငေါက် ပြောလာတော့မှ မြမြစိန်သည် မျက်နှာထားကို တင်းရာမှ လျှော့ပစ်လိုက်၏။

"သွားအိပ်တော့ မနက်ကျ ကိုယ့်မှာ အလုပ်သွားရဦးမယ်၊ ကိုယ့်လင်သားကိုလည်း အပူရှာပြီး အိပ်ရာထဲ ရောက်ရင် တွတ်တွတ်တွတ်တွတ် လုပ်မနေနဲ့ဦး။ အလွန်ဆုံး ဖုံးနိုင်ဖိနိုင် သုံးလေးရက်ပေါ့၊ သိဖို့လိုလာရင် ဖွင့်ပြောမှာပဲ၊ တကယ်မတရားသဖြင့် ငါ့သမီးအပေါ် စော်ကားမော်ကား တို့မီးရှို့မီး လုပ်ရင်တော့ မေမေက ခံနေမတဲ့လား၊ သမီးဘက်က ဝင်ကူမှာပေါ့ ..."

မြမြစိန်သည် မအေ ကိုသာလေးစားစိတ်ဖြင့် ဘာမျှဆက်မပြောတော့ပဲ နေလိုက်သည်။ စိတ်ထဲက အောင့်သက်သက်ဟန်မှာ မျက်နှာပေါ်တွင် အထင်အရှား ကျန်ရစ်နေသေးသည်။ သူသည် တံခါး မင်းတုပ်ကို ဆွဲဖွင့်ကာအိပ်ခန်းထဲသို့ ဝင်သွား၏။ ထန်းခေါက်ဖာကြီးကို ဖွင့်လိုက်ပြီး အထဲတွင် ထည့်ထားသော ခြင်ထောင်၊ ခေါင်းအုံး၊ စောင်၊ အပိုအိပ်ရာ တစ်စုံစာကို မ,ယူ၍ဧည့်ခန်းဘက် သယ်သွားသည်။ ဧည့်ခန်းခေါင်းရင်းဘက်တွင် ဧည့်သည်များထိုင်သော ကုလားထိုင် များကို ဘေးဖယ်၍ ယောက္ခမဖို့ ခပ်ဆောင့်ဆောင့်ဟန်နှင့်ပင် အိပ်ရာ ပြင်ပေးပြီး သူ့အိပ်ခန်းသို့ ဝင်သွားတော့သည်။

ဒေါ်ဂျိုးဥနှင့် ကိုသန်းချိန်မှာတော့ တီးတိုးဆွေးနွေးပွဲကို ဆက်လက် ဆွေးနွေးဆဲဖြစ်၏။

✪

mgyoe.com

mgyoe.com

# [၄]

နောက်နေ့တွင် ယောက္ခမကြီး ဒေါ်ဂျိုးဥသည် ရွှေတောင်ကြား လမ်းအိမ်သို့ ပြန်သွား၏။ မေမေပြောသလိုပင် ညက သံသယစိတ်များ ကို သူမေ့ထားလိုက်သည်။ သူနှင့်ဆိုင်လာလျှင် ကိုကိုသည် သူတို့ မိသားစုအကြောင်းကို သူ့အားပြောကြားလိမ့်မည်။ သူကတော့ စတင် မမေးတော့ပေ။

ထုံးစံအတိုင်း ကျောင်းကိုထွက်လာခဲ့၏။ သားများနှင့် သမီးကို ယခင်ကတည်းက မြို့မကျောင်းတွင်ထား၍ ယခုလည်း ဆက်ထား သည်။ သူသာ တာမွေအမှတ် (၂)ကျောင်း တွင်လုပ်၍ မြို့ထဲမှကျောင်း သို့ ကျောင်းတက်ကျောင်းဆင်း အသွားအလာ အဆင်ပြေလှသည် မဟုတ်။ သို့သော် ယခုတော့ ရိုးနေပေပြီ။

ယနေ့စာသင်ခန်းတွင် စာပြနေဆဲ၊ သူ့မိတ်ဆွေ ဆရာမလေး တစ်ယောက်သည် ပုမကို ကျောင်းခန်းထဲ ခေါ်လာသည်။

"မမစိန် ... ကြီးကြီးငြိမ်း၊ ရေချိုးခန်းထဲ ချော်လဲလို့ ..."

mgyoe.com

mgyoe.com


မြမြစိန်သည် ရင်ထဲ ထိတ်သွား၏။ တော်ရုံ လဲကျရုံနှင့် ကျောင်းသို့ လိုက်မခေါ်ပေ။

"ကြီးကြီးဒွေးက ဘာမှမပူနဲ့တဲ့၊ ဆူးလေဘုရားလမ်း ဗဟိုမီး သတ်စက်က လူနာတင်ကားနဲ့ ကြီးကြီးငြိမ်းကို ဆေးရုံကြီး သူခေါ်သွား ပြီတဲ့၊ ဆေးရုံကြီးကိုသာ လိုက်ခဲ့ပါတဲ့ ..."

"အေး ... အေး ..."

သူသည် ကျောင်းအုပ်ဆရာမကြီးကို အကျိုးအကြောင်း ပြောပြ ပြီး၊ ဘတ်စ်ကားမှတ်တိုင်သို့ ထွက်လာခဲ့ကြ၏။

"မေမေ သတိကော ရရဲ့လား၊ ဦးနှောက် သွေးကြောပြတ်ပြီး မေ့လဲသွားတာဆို ဒုက္ခ ..."

"သတိရတယ် မမစိန်၊ စကားပြောနိုင်တယ် ခြေထောက်သာ မထောက်နိုင်တာ ..."

တော်ပါသေး၏။ မြမြစိန်သည် ပုမ ပခုံးကို လက်ကကိုင်ထား ရင်း လျှောက်လာ၏။ စိတ်တင်းထားသော်လည်း လမ်းလျှောက်နေ ရသည်ကို ခြေထောက်က ဘယ်နင်းနေမိမှန်း မသိသလို ဖြစ်နေ၏။

"အစ်ကို ခင်မောင်ရင် ထွက်သွားစလေးမို့ လွဲသွားတာ၊ နို့မို့ရင် အစ်ကို့ကားနဲ့ ကြီးကြီးငြိမ်း ဆေးရုံသွားနိုင်မှာ ကလေးတွေတော့ မမမော်လီက အကုန်အိမ်ခေါ်ထားလိုက်တယ် ..."

တော်ပါသေး၏။ တော်ပါသေး၏။ ဒါကြောင့် မေမေက အိမ်နီး နားချင်းကောင်းဖို့ လိုသည်ဟု ပြောခြင်းဖြစ်၏။

"တကတည်းဗျာ အကုန်လုံးက ဘဝင်ကိုင်နေကြတယ် ..."

ဘတ်စ်ကားမှတ်တိုင် မရောက်ခင် လူတစ်ယောက်သည် ဘာ ဒေါပွလာသည်မသိ၊ တစ်ယောက်တည်း အော်ကြီးဟစ်ကျယ် ပြောလာ သည်။ သူတို့ကိုမြင်သော် စကားပြောဖော် ရသလို အားရပါးရပို

mgyoe.com

mgyoe.com


ပြော၏။

"ဒီနေ့ တစ်မနက်လုံးလေ ဘာမှ အဆင်မပြေဘူး၊ ကဲ ... မော်တော်ကားပဲ စက်မပျက်ဘူးလို့ ဘယ်သူအာမ,ခံမလဲ၊ လူတောင်ပျက်သေးတာ၊ စက်လည်းပျက်တာပေါ့၊ မနက်က သူ့သမီးတွေ ကျောင်းတက် နောက်ကျပြီ ဆိုပြီး ကျွန်တော့်ချည်းဖိကြိမ်းတယ်၊ သုံးဘီးငှားပြီး ကျောင်းအရောက်ပို့ပါတယ်၊ သုံးဘီးသမားက တစ်နာရီလောက်စောင့်ပြီး ရှိခိုးခေါ်ရတာ မင်းဘုရားတို့က ဘဝင်ကိုင်တာတစ်မျိုး၊ အိမ်မှာတော့ အဘိုးကြီးနဲ့ အဘွားကြီး နောင်ဂျိန်ပဲ၊ အခုကော ခင်ဗျားတို့မြို့ထဲ သွားမလို့လား" ဟု ဒေါထလာသောသူက မြမြစိန်ကို လှမ်းမေး၏။

"ဟုတ်ကဲ့ ..."

"ဘတ်စ်ကားလည်း အားမထားနဲ့၊ သုံးဘီးလည်း သိပ်မမျှော်လင့်နဲ့ ဖြစ်တာကို ဖြစ်သလို စီးမယ်လို့ သဘောထား၊ အဲဒီကောင်တွေကို လမ်းသွားရင်း ဒေါထရင် ကိုယ်သာကားကျိတ်သေမှာ ကျွန်တော်လည်း မြို့ထဲသွားမှာပဲ ..."

ဟုတ်၏။ ဘတ်စ်ကား လူကြပ်ရင်လည်း တစ်ဒုက္ခ။ သူတို့မခေါ်ချင်လျှင် သုံးဘီးကားကလည်း ခြေတစ်ခါခါ လက်တစ်ခါခါနှင့် မခေါ်။ မြမြစိန် စိတ်ထဲမှာလည်း ဆေးရုံကို တစ်လှမ်းတည်းနှင့်သာ ရောက်သွားချင်သည်။

"ဒရိုင်ဘာ လုပ်တဲ့လူက အသစ်စက်စက် မြူးပျံနေတဲ့ကားသာ မောင်းချင်တာပေါ့၊ ရမှမရနိုင်တာ မနက်ကလေ ကားပျက်လို့ ပြင်မရတဲ့အထဲ သုံးဘီးပြေးခေါ်ရသေးတယ်၊ အဲဒါကြာတယ်လို့ အဘွားကြီးက ကြိမ်းသေး၊ အဘိုးကြီးက တိုက်ပေါ်ကနေ အော်နေသံတော့ ကြားခဲ့တယ်၊ 'သဗ္ဗေသခ်ါရ၊ အနိစ္စမ,ကြီးရေ၊ ကားလည်း ပျက်တာပဲတဲ့၊

mgyoe.com

mgyoe.com


မယောဂီရဲ့' တဲ့၊ ကျွန်တော်တော့ ကလေးတွေ သုံးဘီးပေါ်တင် ထွက်လာခဲ့ရော ကျောင်းပို့ခဲ့ပြီ၊ ဟောဟော လေးဘီးလေးဘီး၊ တက္ကစီ ...”

ထိုသူမှာ ပြောပြောဆိုဆို လက်ခုပ် ကျယ်ကျယ်တီးကာ တက္ကစီနောက် ပြေးလိုက်သွား၏။ တော်ပါသေး၏။ တက္ကစီကားက အသံကြား၍ရပ်ပေး၏။ ထိုခေါ်ပေးသူက မြမြစိန်တို့ပါ လက်ယပ်ခေါ်၏။ ပုမနှင့် မြမြစိန်သည် ပြေးသွားရ၏။

“တက်ကြ၊ တက်ကြ၊ ကျွန်တော့်ကိုတော့ လွစ္စလမ်းချခဲ့ ...”

မြမြစိန်တို့ နှစ်ယောက် ကားနောက်ပိုင်းတွင် ဝင်ထိုင်၏။

“ကျွန်မကိုတော့ ဆေးရုံရောက်အောင် ပို့ပေးပါရှင်။ ကျွန်မအမေချော်လဲတာ ဆေးရုံရောက်နေပြီ၊ အိမ်က လာခေါ်လို့ ...”

ကားသည် ဂူးခနဲထွက်သွား၏။ ဘုရားတန်ခိုးတော်ပေပဲ။ အမည်မသိ ဒေါ်ထလာသော ဤရှေ့ကလူကို ကျေးဇူးတင်ရသေး။ သူသည် ရင်ထဲကဒေါသကို ပါးစပ်က တတွတ်တွတ် ပြောလာ၏။

ထိုသူမှာ အိမ်တစ်အိမ်တွင် ကားမောင်းသူ ဖြစ်ဟန်တူသည်။ “အိမ်တိုင်း ပြဿနာကိုယ်စီနဲ့ဟာ သူတစ်ယောက်တည်း ကွက်ခံနေရတာ ကျနေတာပဲ၊ ခြံရော၊ တိုက်ရော၊ ကားရောအပြည့်၊ ဒီကားပျက်တာ ကျွန်တော်လည်း ဘယ်တတ်နိုင်မလဲ။ ကျွန်တော်တို့လိုများဆင်းရဲရင် ဒီအဘွားကြီး ရူးမယ် ... ရူးမယ်” ထိုသူသည် ပြောပြောဆိုဆိုနှင့် လွစ္စလမ်းအရောက်တွင် ဆင်းနေရစ်ခဲ့၏။ တက္ကစီမောင်းသူအား ထိုသူအတွက် ကားခကို မြမြစိန်က မယူပါနှင့်ဟုပြော၍ သူကပင် ဆေးရုံအရောက်တွင် ပေးလိုက်သည်။

ဤဒေါ်ထလာသော အမည်မသိသူကိုပင် ကျေးဇူးတင်ရသေး၏။

ဆေးရုံရောက်သောအခါ ခွဲစိတ်ခန်း ရှေ့၌ ဒေါ်သန်းငွေကို

mgyoe.com